ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ (18-7-2010) (၆၄၆၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်း (ပထမအကြိမ်)အလှူတော်ငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာအင်တာနေရှင်နယ် ကွန်ဗင်းရှင်းစင်တာ၌ကျင်းပသည့် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်း(ပထမအကြိမ်) အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

အလှူငွေပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံ အလှူရှင်များက မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။ (အပေါ်ပုံနှင့် ဝဲပုံ)

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနား-ပင်လောင်းကားလမ်းပေါ်တွင် ယာဉ်တစ်စီးချင်း(၇၅)တန် ခံနိုင်ဝန်ရှိပြီး မြန်မာနိုင်ငံ၌ အမြင့်ဆုံးဖြစ်လာမည့် ကြိုးတံတားကြီး တည်ဆောက်နေ

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - မိုးမြင့်လှိုင်
အဆင်အပြင် - ဖြိုးစန္ဒာမြင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် နိုင်ငံတော်အတွင်း လူမှုရေး၊ စီးပွားရေးကဏ္ဍ၏ စွမ်းအားတစ်ခုဖြစ်သည့် လမ်းနှင့်တံတားများ တည်ဆောက်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိရာ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပေ ၁၀၀နှင့် ပေ ၁၈၀ ကြား တံတားပေါင်း ၂၉၁၅ စင်းနှင့် ပေ ၁၈၀အထက် တံတားကြီးပေါင်း အစင်း ၂၄၀ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၂၂ စင်းကို တည်ဆောက်လျက်ရှိနေသည်။

ယခုအခါ ရောဝတီမြစ်ကြီးပေါ်တွင် တံတားကြီး ငါးစင်းနှင့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းကားလမ်း မိုင်တိုင်အမှတ် ၄၂မိုင်ခြောက်ဖာလုံတွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နေပြည်တော်ပျဉ်းမနား - ပင်လောင်း ကတ္တရာကားလမ်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်နေသော မြန်မာနိုင်ငံတွင် အမြင့်ဆုံး ကြိုးတံတားကြီးဖြစ်လာမည့် လိန်းလီကြိုးတံတားကြီး တည်ဆောက်နေသည်ကို တောင်စဉ်တောင်တန်းကြား၌ ဤသို့ ငွားငွားစွင့်စွင့် တွေ့ရစဉ်။ (သတင်းစဉ်)

၁၈-၇-၂၀၁၀
(တနင်္ဂနွေနေ့)

မြန်မာ့လယ်ယာမြေတစ်ခွင် သီးနှံစုံလင် တစ်နှစ်သုံးသီး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်

နိုင်ငံအတွင်း ရေမြေရာသီဥတု သဘာဝအခြေခံကောင်းများရှိရာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အစဉ်တစိုက်လုပ်ကိုင်လာခဲ့ကြသည်။ ခေတ်မီနည်းပညာများ အသုံးပြုစိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းတို့ဖြင့် နိုင်ငံအတွင်း စားသုံးမှုဖူလုံရုံမျှမက ပြည်ပဈေးကွက်သို့ပင် တင်ပို့ရောင်းချနိုင်လျက်ရှိသည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးကို အလေးထားသည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံပေါင်းနှစ်ရာကျော်နှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်မှုအပါအဝင် အရည်အသွေးကောင်း အထွက်နှုန်းတိုးစပါးမျိုးများတိုး၍ ဖြန့်ဝေပေးနေသည်။ လယ်ယာသုံးစက်ကိရိယာများနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများပေါင်းစပ်လုပ်ကိုင်နိုင်ရေး အားပေးကူညီလျက်ရှိသည်။ စိုက်နည်းစနစ်မှန်ကန်ရေး၊ သီးနှံလေလွင့် ဆုံးရှုံးမှုနည်းပါးစေရေး သင်တန်းများပေးလျက်ရှိသည်။

ယင်းသို့ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိရာ စိုက်ပျိုးမြေဧက ၅၃ သန်းကျော်အထိ တိုးတက်လာပြီ။ စပါးအထွက်တင်းသန်းပေါင်း ၁၅၀၀ ကျော်ထွက်နေပြီ။ ယခုနှစ်စိုက်ပျိုးရာသီတွင် စပါးတင်းသန်းပေါင်း ၁၆၀၀ ကျော်ထွက်ရှိရေး ရည်မှန်းကြိုးပမ်းလျက်ရှိသည်။

အလားတူ ပဲမျိုးစုံစိုက်ဧက ၁၀ သန်းကျော်ရှိပြီး တန်ချိန် ၄၉ သိန်းကျော် ထုတ်လုပ်လာနိုင်ပြီ။ ပဲအများဆုံး တင်ပို့နိုင်သည့်နိုင်ငံအဖြစ် ရပ်တည်နေပြီ။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစသည့် ဈေးကွက်ဝင်ပဲမျိုးစုံတို့ တိုးချဲ့စိုက်ပျိုး အထွက်တိုးလျက်ရှိသည်။ ရော်ဘာ၊ ဆီအုန်း၊ ချက်ကြံနှင့် ချည်မျှင်ရှည်ဝါစသည့် စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်ကြပြီ။ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းနှင့် ပန်းနှမ်းစသည့် ဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးနေကြပေပြီ။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် လယ်ယာကဏ္ဍသည် အချိုးအစားကြီးမားစွာပါဝင်နေသည်။ လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ယခုအခါ မိုးစပါး၊ နွေစပါးသာမက ဆောင်းသီးနှံ သီးထပ်သီးညှပ်များအပါအဝင် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ကြပေပြီ။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က လယ်ယာစီးပွား အခြေခံအုတ်မြစ်ခိုင်မာစေရန် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ မျိုးကောင်းမျိုးသန့်၊ တစ်ဧကအထွက်နှုန်းကောင်းသီးနှံမျိုးများ အသုံးပြုစိုက်ပျိုးရေး အားပေးကူညီလျက်ရှိသည်။ ဆည်ရေသောက်ဧရိယာများ၊ သီးနှံရေသွင်းစိုက်ပျိုးသောဧရိယာများ တိုးပွားလာလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်များ၏ လက်တွဲညီညီကြိုးပမ်းဆောင်ရွက်မှုများနှင့်အတူ မြန်မာ့လယ်ယာမြေတစ်ခွင်တွင် သီးနှံစုံလင် သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုး အကျိုးဖြစ်ထွန်းအောင်မြင်မှုများကို ရရှိနေပြီဖြစ်ပါသည်။ ။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဝင် မွေးနေ့အထိမ်းအမှတ် အလှူငွေများ ပေးအပ်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဝင် ရွှေပန်းထိမ်ဆရာကြီး ဦးထုံ (ဦးထုံရွှေပန်းထိမ်ရွှေဆိုင်)၏ (၈၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ စိတ်ရောဂါအထူးကုဆေးရုံကြီး၊ မိဘမဲ့ကလေး ပရဟိတကျောင်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ မေရီချက်(စ်)မင်း ဆွံ့အနားမကြားကျောင်း၊ သိမ်ဖြူလမ်း ဆင်းရဲသူများစောင့်ရှောက်ရေး ဘိုးဘွားရိပ်သာ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ နေပြည်တော် ပျဉ်းမနား သုမေ္မာအဖွဲ့၊ မင်္ဂလာဒုံမြို့နယ် ရှမ်းစုကျေးရွာ မေတ္တာလမ်းရှိ ရိပ်သာအဖွဲ့နှင့် ဆေးဝါးအလှူငွေ အပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ် ၂၄၅၀၀၀၀ ကို ရွှေပန်းထိမ်ဆရာကြီး ဦးထုံ (ဦးထုံရွှေပန်းထိမ်ရွှေဆိုင်) နှင့် မိသားစုဝင်များက သွားရောက်လှူဒါန်းကြကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများပေးအပ်ချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၉ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများအား ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ထို့နောက် တိုင်းမှူးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းဌာနများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

တိုင်းမှူးသည် ဇူလိုင် ၁၁ ရက်တွင် တောင်ကြီးမြို့အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍အမှာစကားပြောကြားသည်။

အစီအစဉ်အရ ပြည်နယ်ပညာရေးမှူးက သစ်ပင်စိုက်ပျိုးပွဲလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ပျိုးပင်များကို ပေးအပ်ကြပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပျိုးပင်များကို စိုက်ပျိုးပေးကြကာ တိုင်းမှူးသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန ပညာသင်စရိတ်နှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်စရိတ်နှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပညာရည်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၈၃၆၃၅၀၀ ကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်စရိတ်နှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း ပညာရည်ထူးချွန်ဆုရကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(အကောက်ခွန်)

နေပြည်တော် ဟိုတယ်သစ်များ၌ တာဝန်ထမ်းဆောင်လိုသူများအတွက် ဟိုတယ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးမည်

နေပြည်တော် ဇူလိုင် ၁၇

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် လာမည့်အောက်တိုဘာလအတွင်း ကျင်းပရန်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းပြပွဲသို့ လာရောက်မည့် ရတနာကုန်သည်များအတွက် နေထိုင်ရေး၊ စားသောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများ စီစဉ်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ လက်ရှိလုပ်ငန်းဆောင်ရွက်နေသော ဟိုတယ်များအပြင် ဟိုတယ်သစ်များသည်လည်း သတ်မှတ်ချိန်အတွင်း ဝန်ဆောင်မှုများပေးနိုင်ရန် ဟိုတယ်တစ်လုံးလျှင် အခန်း ၃၀ မှ အခန်း ၅၀ အထိ ပြီးစီးနိုင်ရေး အချိန်ယူကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ဘာသာရပ်များ

ဟိုတယ်များတွင် ဝန်ဆောင်မှုပေးရမည့် ဝန်ထမ်းများ၊ ဟိုတယ်အခြေခံဝန်ဆောင်မှုအတတ်ပညာ ပြည့်ဝရေး၊ လိုအပ်သောဝန်ထမ်းများ အချိန်မီဖြည့်တင်းနိုင်ရေးအတွက် ဟိုတယ်အခြေခံသင်တန်းများကို နေပြည်တော်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းများကို ဩဂုတ် ၁၆ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဧည့်ကြိုဘာသာရပ်၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးဘာသာရပ်၊ အစားအစာနှင့် ယမကာဧည့်ခံရေးဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းများသို့ တက်ရောက်ရန် အခြေခံပညာအဆင့်ရှိသူ မည်သူမဆို မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တရုတ်(တိုင်ပေ)နေ ဦးတင်အောင်-ဒေါ်တင်တင်ခိုင် သားသမီးမြေးတစ်စုက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းဆေး၊ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

မှုခင်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၇

ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့နှင့်ခရိုင်မှုခင်းရှုထောင့် သတင်းထောက်များ မှုခင်းကျဆင်းရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီတွင် ခရိုင်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရုံးဦးစီး ဒုတိယရဲမှူးဝင်းဇော်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ရုံးမှ ရဲအုပ်မြင့်ထွန်း၊ ခရိုင်မှုခင်းတပ်ဖွဲ့မှ ရဲအုပ်မြင့်သန်း၊ ရဲအုပ်လေးမြင့်နှင့် ဒုတိယရဲအုပ် သက်နိုင်ဦးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ခရိုင်နှင့်မြို့နယ်မှုခင်းသတင်းထောက်များက မှုခင်းမဖြစ်ပွားစေရေး၊ မှုခင်းကျဆင်းရေးနှင့် ပြည်သူပါမှ အောင်ပွဲရဆိုသည့်အတိုင်း ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေး အကြောင်းအရာများကို ဆွေးနွေးတင်ပြကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

❐ နိုင်ငံတော်ဝန်ကြီးချုပ်မှ

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး ဗဟိုအလုပ်အမှုဆောင် ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်း သာသနာနုဂ္ဂဟအသင်းများမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး ဗဟိုနာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး ဖွဲ့စည်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေများလက်ခံ

ယင်းနောက် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်းကြီးအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများကိုလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ဆက်လက်၍ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အလှူငွေများကို လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ရုပ်သိမ်း

ထို့နောက် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး ဗဟိုအလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျေးဇူးတင်စကားပြောကြားပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလှူငွေ ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံ အလှူရှင်များက မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး (ပဌမအကြိမ်) အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် ငွေကျပ်သိန်း ၃၆၀၀ အလှူရှင်နှစ်ဦး၊ ငွေကျပ်သိန်း၁၂၀၀ အလှူရှင်တစ်ဦး၊ ငွေကျပ်သိန်း ၁၀၀၀ အလှူရှင်တစ်ဦး၊ ငွေကျပ်သိန်း ၅၀၀ အလှူရှင်လေးဦး၊ ငွေကျပ်သိန်း ၄၁၀ အလှူရှင်တစ်ဦး၊ ငွေကျပ်သိန်း ၃၀၀ အလှူရှင်တစ်ဦး၊ ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ကွန်ပျူတာအလုံး ၅၀ အလှူရှင်တစ်ဦး စုစုပေါင်း အလှူရှင် ၃၅ ဦးနှင့် ပြည်နယ်/ တိုင်း သာသနာနုဂ္ဂဟအသင်းများမှ လှူဒါန်းငွေများအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၁၄၃၉၆ သိန်းလှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းထံ အလှူရှင်များက မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်ထံ အလှူရှင်များက မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုထံ အလှူရှင်များက မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်း ဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟ အသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ခရိုင်ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက နယ်မြေအခြေအနေနှင့် လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကိုတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ကြိုတင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းနယ်မြေတာဝန်ခံ ဒေါက်တာတင်အောင်အေးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အစည်းအဝေးအပြီးတွင် ပြည်ထောင်စုကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးသည် ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သဃ်န်းကျွန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ လိုက်ပါ၍ ကြီးပွားရေးရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

နေပြည်တော်တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့မှုပေးအပ်

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော် တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သည် ဇူလိုင် ၁၀ရက်က အဖွဲ့ရုံး၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်စရိတ်နှင့် မသန်စွမ်း အဖွဲ့ဝင်များအား ထောက်ပံ့မှုပေးအပ်ပွဲကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်နှင့် နေပြည်တော်တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌဗိုလ်ကြီး အောင်မြင့်ကို (ငြိမ်း)တို့က အမှာစကား ပြောကြားပြီး ပညာသင်သားသမီး ၁၀၈ဦး၊ မသန်စွမ်းအဖွဲ့ဝင် ၃၄ဦးတို့ အတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** (မြို့နယ်ပြန်/ဆက်)

ရောဝတီတိုင်းအတွင်း မိုးစပါး စိုက်ပျိုးပြီးစီးမှု

နေပြည်တော် ဇူလိုင် ၁၇

ဧရာဝတီတိုင်းတွင် ယနေ့အထိ မိုးစပါး ဧက ၂၅၇၀၈၄၀ စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အီရတ်တွင် ဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံးလူ ၁၄ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏တောင်ပိုင်းနှင့် မြောက်ပိုင်းတွင် သီးခြားဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ အနည်း ဆုံး လူ၁၄ ဦး သေဆုံး၍ ၃၂ ဦးဒဏ်ရာရရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ပျက်စီး

ဘဂ္ဂဒက်မြို့မြောက်ပိုင်း တီကရစ်မြို့ရှိ လူသူစည်ကားသော စီးပွားရေးအချက်အချာကျရာ လမ်းမပေါ်တွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်လေးဦးအပါအဝင် လူခြောက်ဦး သေဆုံး၍ ၁၄ ဦးဒဏ်ရာ ရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ကားဗုံးပေါက်ကွဲမှုကြောင့် ဈေးဆိုင် ၃၀ ခန့် ပျက်စီးသွားကြောင်း သတင်းတွင် ဖော်ပြသည်။

အလားတူ ဘဂ္ဂဒက်မြို့တောင်ပိုင်း ဟက်စဝါမြို့ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်း၌ ဗုံးတစ်လုံးပေါက်ကွဲရာ လူခြောက်ဦးသေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ ထွက်ပေါ်လာသောသတင်းများတွင် ဖော်ပြသည်။

ထိုစဉ်အတွင်း ဘဂ္ဂဒက်မြို့တောင်ပိုင်း ဆင်ခြေဖုံးဒေသရှိဈေးတစ်ဈေးတွင်စက်ဘီးတစ်စီး၌ ထောင်ထားသော ဗုံးပေါက်ကွဲမှုကြောင့် လူနှစ်ဦးသေဆုံး၍ ၁၀ ဦး ဒဏ်ရာရရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့၌ ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်ခဲ့သော အပျက်အစီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

ယူဂန္ဒာ ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်ပွယ်ရှိသူ ကင်ညာရဲတပ်ဖွဲ့ဖမ်းဆီး

နိုင်ရိုဘီ ဇူလိုင် ၁၇

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပစဉ်အတွင်း ယူဂန္ဒာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့မှုနှင့် ဆက်နွှယ်နေကြောင်း ယူဆရသူတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်ဟု ကင်ညာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကင်ညာနှင့် ဆိုမာလီနိုင်ငံ နယ်စပ်ရှိ ရဲစစ်ဆေးရေးဂိတ်တွင် မသင်္ကာဖွယ်လူတစ်ဦးကို ဂြိုဟ်တုဖုန်းနှင့် ဒစ်ဂျစ်တယ်ကင်မရာတစ်လုံးတို့နှင့်အတူ ဖမ်းဆီးခဲ့သည်ဟု ကင်ညာနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်ဆိုင်ရာ မဟာမင်းကြီးဂျိမ်းအိုလေဆေရီယာနီက ပြောကြားခဲ့သည်။

အဆိုပါ မသင်္ကာဖွယ်လူက ၎င်းသည် ယူဂန္ဒာတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်သော်လည်း ဆိုမာလီနိုင်ငံမှ အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသော အယ်လ်ရှာဘတ်အဖွဲ့ကို ထောက်ခံသူဖြစ်ကြောင်း ဝန်ခံခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ကင်ညာရဲတပ်ဖွဲ့သည် ၎င်း၏မျိုးရိုးဇာစ်မြစ်ကို ဖော်ထုတ်နိုင်ရန် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း ဇူလိုင် ၁၆ ရက် သတင်းများတွင် ဖော်ပြသည်။

ယူဂန္ဒာနိုင်ငံတွင် ဇူလိုင် ၁၀ ရက်က ဖြစ်ပွားခဲ့သော ဖောက်ခွဲမှုနှစ်ရပ်သည် ၎င်းတို့လက်ချက်ဖြစ်ကြောင်း အယ်လ်ရှာဘတ်အဖွဲ့က ပြောကြားခဲ့ပြီးနောက် ဆိုမာလီနယ်စပ်နှင့် ထိစပ်နေသော နယ်စပ်တစ်လျှောက်တွင်ကင်ညာနိုင်ငံက လုံခြုံရေးပိုမိုတင်းကျပ်ခဲ့သည်။ အဆိုပါဗုံးပေါက်ကွဲမှုနှစ်ရပ်ကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုနေကြသော ဘောလုံးပရိသတ် ၇၆ ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာရှတွင် တရားမဝင် ဘောလုံးလောင်းကစားမှုများ အင်တာပိုလ်နှိမ်နင်း

ပါရီ ဇူလိုင် ၁၇

အာရှတိုက်၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တရားမဝင်လောင်းကစားမှုများကို ပိုက်စိပ်တိုက်နှိမ်နင်းလျက်ရှိရာ လူ၅၀၀၀ကျော်အား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နိုင်ငံတကာ ရဲတပ်ဖွဲ့(အင်တာပိုလ်)က သောကြာနေ့တွင် ပြောကြားသည်။

သိမ်းဆည်း

ဒုစရိုက်ဂိုဏ်းအဖွဲ့များနှင့် ဆက်နွှယ်သည့် လောင်းကစားမှုများကို ပစ်မှတ်ထားနှိမ်နင်းခဲ့ရာတွင် လောင်းကြေးငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့၌ အခြေစိုက်သော အင်တာပိုလ်နှင့် ညှိနှိုင်း၍ တရုတ်၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများသည် အဆိုပါလောင်းကစားနှိမ်နင်းမှု စစ်ဆင်ရေးတွင် ပါဝင်ခဲ့ကြသည်။

ဝင်ရောက်စီးနင်း

ယင်းနိုင်ငံများမှ ရဲတပ်ဖွဲ့များသည် ဘောလုံးအလောင်းအစား လုပ်သော သီးသန့်အခန်း ၈၀၀ နီးပါးမျှကို ဖော်ထုတ်၍ ဝင်ရောက်စီးနင်းရာ လောင်းကြေးငွေ ဒေါ်လာ ၁၅၅ သန်းကျော် သိမ်းဆည်းနိုင်ခဲ့သည်။ ယင်းစစ်ဆင်ရေးကို ဇွန်လ ၁၁ရက်မှ ဇူလိုင် ၁ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

အင်တာနက်။

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ခရီးသည်တင်ယာဉ်များအား စစ်သွေးကြွများပစ်ခတ်တိုက်ခိုက်၍ ၁၆ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဇူလိုင် ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကူရမ်လူမျိုးစုဒေသ၌ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ခရီးသည်တင်ယာဉ်နှစ်စီးအား စစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ လူ ၁၆ဦးထက်မနည်း သေဆုံးပြီး လေးဦး ဒဏ်ရာပြင်းထန်စွာရရှိကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြသည်။

ကူရမ်လူမျိုးစုဒေသအလယ်ပိုင်း ပါရာချာနာမှ ပက်ရှ်ဝါသို့ ဦးတည်လာသော ခရီးသည်တင်ယာဉ်နှစ်စီး အပါအဝင် နောက်တွဲယာဉ်တစ်စီးတို့ကို စစ်သွေးကြွများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ စစ်သွေးကြွများသည် စက်သေနတ်များဖြင့် ယာဉ်များကို ပစ်ခတ်ပြီးနောက် ယင်းနေရာမှ ထွက်ပြေးသွားကြကြောင်း သတင်းများတွင် ဖော်ပြသည်။

အခင်းဖြစ်ပွားသည့်နေရာ၌ လူငါးဦး သေဆုံးပြီး ဆေးရုံသို့ မရောက်မီ လမ်းခရီး၌ ဒဏ်ရာရရှိသူအချို့ သေဆုံးခဲ့ကာ ဒဏ်ရာပြင်းထန်သူများအချို့ ဆေးရုံ၌ ထပ်မံသေဆုံးခဲ့သည်ဟု သိရသည်။

ယင်းတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်းအခိုင်အမာပြောကြားခြင်းမရှိချေ။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ကူရမ်လူမျိုးစုဒေသ၌ ခရီးသည်တင်ယာဉ်များအား စစ်သွေးကြွများတိုက်ခိုက်ခဲ့ခြင်းကြောင့် ဒဏ်ရာရရှိခဲ့သူကို ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘောလ်တစ်ပင်လယ်ကြမ်းပြင်တစ်နေရာ၌ နှစ် ၂၃၀ သက်တမ်းရှိ ရှမ်ပိန်ပုလင်းတွေ့ရှိ

ဟယ်လ်ဆင်ကီး ဇူလိုင် ၁၇

ဘောလ်တစ်ပင်လယ်ရေအောက်၌ သင်္ဘောပျက်ရှာဖွေနေသော ရေငုပ်သမားအဖွဲ့တစ်ဖွဲ့သည် ကမ္ဘာ့သက်တမ်းအရင့်ဆုံး ရှမ်ပိန်အရက်ပုလင်းတစ်လုံးကို ရေအောက်တွင် တွေ့ရှိကြောင်း ဇူလိုင် ၁၇ ရက် သတင်းများတွင် ဖော်ပြသည်။

ကျွမ်းကျင်သူတို့၏ အဆိုအရ ယင်းရှမ်ပိန်ပုလင်းကို ၁၈ ရာစုနှောင်းပိုင်းတွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၂၃၀ ခန့် သက်တမ်းရှိပြီဖြစ်ကြောင်းသိရသည်။ ရေငုပ်သမားများသည် ယင်းရှမ်ပိန်ပုလင်းကို ဖွင့်ဖောက်၍ ကနဦးမြည်းစမ်းကြည့်ခဲ့ရာ အနံ့အရသာလွန်စွာကောင်းမွန်ကြောင်း ချီးမွမ်းခန်းဖွင့်ခဲ့သည်ဟု ဆိုသည်။

ကာလတန်ဖိုး ဒေါ်လာ ၆၈၀၀၀မျှတန်ဖိုးရှိနိုင်မည့် ယင်းရှမ်ပိန်ပုလင်းကို လေ့လာသုံးသပ်နိုင်ရန်အတွက် ပြင်သစ်နိုင်ငံရှိ ရှမ်ပိန်ကျွမ်းကျင်သူများထံ ပေးပို့ထားကြောင်း သတင်းတွင်ဖော်ပြသည်။

လက်ရှိတွင် ကမ္ဘာ့သက်တမ်းအရင့်ဆုံးအဖြစ် သတ်မှတ်ထားသောရှမ်ပိန်မှာ ၁၈၂၅ ခုနှစ်တွင်ထုတ်လုပ်ခဲ့သော ရှမ်ပိန်ဖြစ်၍ နှစ်ပုလင်းသာ ကျန်ရှိတော့သည်။ ယခုရေအောက်၌ တွေ့ရှိခဲ့သော ရှမ်ပိန်ပုလင်းကိုမူ ၁၇၇၂ ခုနှစ်နှင့် ၁၇၈၅ ခုနှစ်အကြား ကာလတွင်ထုတ်လုပ်ခဲ့သည်ဟု ယူဆထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မက္ကဆီကိုမူးယစ်ဂိုဏ်း ကားဗုံးဖောက်ခွဲတိုက်ခိုက်သည့်နည်းလမ်း ပထမဆုံးအကြိမ်အသုံးပြု

စီယူဒက် ဂျူအာရက်ဇ် ဇူလိုင် ၁၇

မက္ကဆီကိုမူးယစ်ဂိုဏ်းတစ်ဂိုဏ်းသည် ရဲတပ်ဖွဲ့ဝင်များကို ထောင်ချောက်ဆင်တိုက်ခိုက်ရာတွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်သည့်နည်းလမ်းကို အသုံးပြုခဲ့ကြောင်း သောကြာနေ့သတင်းများတွင် ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံ၏ နှစ်နှင့်ချီ၍ ဆင်နွှဲခဲ့ရသော မူးယစ်စစ်ပွဲအတွင်း အစိုးရတပ်ဖွဲ့ဝင်များကို ယခုကဲ့သို့ ကားဗုံးခွဲတိုက်ခိုက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ယင်းကားဗုံးခွဲတိုက်ခိုက်မှုသည် ကြာသပတေးနေ့တွင်ဖြစ်ပွားခဲ့ပြီး လူသုံးဦးသေဆုံးခဲ့ရကြောင်း စီယူဒက် ဂျူအာရက်ဇ်မြို့တော်ဝန်က အတည်ပြုပြောကြားသည်။

အဓိကလမ်းဆုံတစ်ခုတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ရဲအရာရှိတစ်ဦးဒဏ်ရာဖြင့်လဲနေကြောင်းတယ်လီဖုန်းဖြင့်လိမ်ညာပြောကြားကာ မက္ကဆီကိုရဲတပ်ဖွဲ့ဝင်များနှင့် ရှေးဦးသူနာပြုများကို ကားဗုံး ထောင်ချောက်ဆင်ထားသည့်နေရာသို့ မျှားခေါ်ခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ယင်းသို့ မူးယစ်ဂိုဏ်းများက အစိုးရတပ်ဖွဲ့ဝင်များကို ကားဗုံးအသုံးပြုတိုက်ခိုက်လာခြင်းသည် မက္ကဆီကိုနိုင်ငံ၏ မူးယစ်စစ်ပွဲ အရှိန်မြင့်တက်လာခြင်းကို ဖော်ညွှန်းနေကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

မက္ကဆီကိုနိုင်ငံ စီယူဒက် ဂျူအာရက်ဇ်မြို့တွင် ဇူလိုင် ၁၆ ရက်က ဖြစ်ပွားသော ကားဗုံးခွဲတိုက်ခိုက်မှု မြင်ကွင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုလံဘီယာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း လူ ၅၀ သေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရ

ဘိုဂိုတာ ဇူလိုင် ၁၇

ကိုလံဘီယာနိုင်ငံတွင် ယခုနှစ် မိုးရာသီအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ခြင်းကြောင့် သေဆုံးသူပေါင်း ၅၀ ထိရှိခဲ့ပြီး ဒဏ်ရာရရှိသူပေါင်း ၁၀၀ ကျော်ရှိခဲ့ကြောင်း ပြည်ထဲရေးနှင့် တရားရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

ပျောက်ဆုံးနေဆဲ

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် အကြီးအကျယ် ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားခဲ့၍ စည်ပင်သာယာနယ်နိမိတ် ၂၅၀ ကျော်၌ နေထိုင်သော ပြည်သူ ၂၅၈၀၀၀ မှာ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ လူရှစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဆိုသည်။

ပျက်စီး

ရေလွှမ်းမိုးမှုကြောင့် အိမ်အလုံး ၃၅၇ လုံး ရေနစ်မြုပ်ခဲ့ရပြီး အိမ်ခြေ ၄၃၀၀၀ ကျော်မျှ ပျက်စီးခဲ့ရသည်။

ယင်းပြဿနာများကို ဖြေရှင်းရန်အတွက် ကိုလံဘီယာအစိုးရက အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ သန်း သုံးစွဲရန် လျာထားသည်ဟုဆိုသည်။ ယင်းငွေကြေးများဖြင့် အိပ်ရာများ၊ အစားအစာများ၊ ဆေးဝါးများ၊ အဆောက်အအုံအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် သဘာဝဘေးများ၌ အရေးပေါ်အသုံးပြုရမည့် ပစ္စည်းကိရိယာများကို ဝယ်ယူမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယနေ့ရုပ်ရှင်၊ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်မှုကို ဆွဲချနေသည်မှာ ခိုးကူးခွေကိစ္စပင်ဖြစ် နည်းပညာ၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်း နည်းလမ်းအသွယ်သွယ်ဖြင့် ပပျောက်အောင်ကြိုးပမ်း ဝန်ကြီး ဦးကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း နှစ်(၄၀)မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၌ မှာကြား

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း နှစ် (၄၀)မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း နှစ်(၄၀)မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းရှင်များ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းတင်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ချမှတ်ထားသည့် လုပ်ငန်းတာဝန်(၁၁)ရပ်အပေါ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များသည် ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်မပျက်ယွင်း အောင်ထိန်းသိမ်းကာကွယ်ရေးတို့အတွက် စေတနာထား၍အပင်ပန်းခံဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်သူများသည် ပြည်သူများအား ဖျော်ဖြေရေးနှင့် အသိပညာဗဟုသုတများ တိုးပွားရေး အတွက် ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားကောင်းများကို ပိုမိုကြိုးစားထုတ်လုပ်နိုင်ရန် နိုင်ငံတော်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း။

ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာအဖွဲ့နှင့် ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်သူများသည် ရုပ်ရှင်၊ဗီဒီယိုလောကမြင့်မားတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုထက်ပိုမို၍ ညှိညှိနှိုင်းနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း။

ခိုးကူးခွေကိစ္စ

ယနေ့ ရုပ်ရှင်၊ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်မှုကို ဆွဲချနေသည်မှာ ခိုးကူးခွေကိစ္စပင်ဖြစ်ကြောင်း၊ ခိုးကူးခွေကိစ္စကို နည်းပညာ၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းစသည့် နည်းလမ်းအသွယ်သွယ်ဖြင့် ပပျောက်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ပြီး ရုပ်ရှင်၊ ဗီဒီယိုလောကသားများအားလုံးက စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း။

မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက်နိုင်ငံတော်မှ ဖြည့်ဆည်းပေးထားသည့် ခေတ်မီအရည်အသွေးမြင့် ရုပ်ရှင်စက်ပစ္စည်းကိရိယာများ၏ စွမ်းဆောင်ရည်ကို အကျိုးရှိရှိ အသုံးပြုသွားရန်နှင့် ပိုမိုတိုးတက်သော နည်းပညာများကို မျက်ခြည်မပြတ်ဆက်လက်ဆည်းပူး လေ့လာသွားကြရန် ဝန်ထမ်းများအား တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ခုနှစ်အတွက် နိုင်ငံတော်မှ ချီးမြှင့်သည့် ပြည်သူ့ ဝန်ထမ်းကောင်းဆုတံဆိပ်ရရှိကြသော မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ စာရင်းကိုင်(၁) ဒေါ်မြသက်ကြူ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့မှ စာရင်းကိုင်(၁) ဒေါ်ခင်မျိုးဝေ၊ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ကြီးကြပ်ရေးမှူး (တည်းဖြတ်) ဒေါ်နုနုအေး(ကိုယ်စား)ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း စစ်တွေပြသမှုဌာနစုမှ လက်ထောက်ကြီးကြပ်ရေးမှူး (ပြစက်) ဦးမောင်လှ (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူး ဦးဆွေသန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးချုပ်မှ အမှုတွဲထိန်း ဦးမြင့်စိုးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သည့်အရာထမ်းလောင်းအခြေခံသင်တန်း အမှတ်စဉ်(၇)တွင် သင်တန်းသားစံပြဆု၊ သင်တန်းသား စစ်ရေးပြထူးချွန်ဆုနှင့် သေနတ်ပစ်ထူးချွန်ဆု ရရှိကြသော အရာထမ်း(၂)ဦးနှင့်၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေရရှိခဲ့ကြသော ရုံးခွဲ(၃)ရုံး ဖြစ်သည့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီရုံး၊ ရန်ကုန်ရုံးခွဲနှင့် ဇာတ်လမ်းရုပ်ရှင်ရုံးခွဲတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ငွေးက ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက် ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေရရှိခဲ့ကြသည့် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ (ဗဟို)ကွပ်ကဲမှုအောက်ရှိ ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၊ မန္တလေးလုပ်ငန်းစုရုံးနှင့် မွန်ပြည်နယ် မော်လမြိုင်လုပ်ငန်းစုရုံးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဝတ်စုံများပေးအပ်

ထို့နောက်ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအထွေထွေမန်နေဂျာဦးရဲတင့်က မြန်မာ့ရုပ်ရှင် လုပ်ငန်း၏ နှစ်(၄၀)မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား တူညီဝတ်စုံများကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ နှစ်(၄၀)မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေရရှိခဲ့သော မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီရုံးမှ တာဝန်ရှိသူအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ သန်လျင်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီတွင် သန်လျင် အထက(၄)ကျောင်းဝင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးမြင့်သိန်းက သန်လျင်မြို့နယ်အတွင်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများအား ပျိုးပင်များပေးအပ်ပြီး သတ်မှတ်နေရာတွင် ခရေပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။

(အောက်ပုံ) ယင်းနောက် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက အရိပ်ရပင်၊ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (၅၂၇)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၂၇) ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၇

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၂၇) ၌ **'အာဇာနည်နေ့မမေ့'** (၆၃) နှစ်မြောက် အာဇာနည်နေ့ အထူးဆောင်းပါးနှင့်အတူ ငါးသိန်းတန်ဖုန်းများ ရန်ကုန်မြို့တွင်း နေရာမရွေး ယူဆောင်ပြောနိုင်ပြီ၊ မော်စံပြကျေးရွာ ပတ်ဝန်းကျင်ရှိ ဝက်များတွင် ထူးဆန်းသောရောဂါဖြစ်ပွားနေ၊ စက်သုံးဆီ အရောင်းဆိုင်များ တာဝန်ထမ်းဆောင်ခဲ့သူဝန်ထမ်းများကို ပင်စင်ပေးရန် ဆန္ဒသဘောထားတောင်းခံ၊ သဘော်ပေါက်ကွဲမှုကြောင့် ပျောက်ဆုံးမြန်မာသဘော်သားကို ရှာဖွေမှုရပ်ဆိုင်း၊ ဒုတိယကမ္ဘာစစ်အတွင်း နစ်မြုပ်သဘော်ကို အကောင်းပကတိ ဆယ်ယူနိုင်ခဲ့၊ အောင်ဘာလေထီ လိမ်လည်ရောင်းချမှုများ ထပ်မံပေါ်ပေါက်နေ၊ မြန်မာ့အိမ်ခြံမြေနှင့် ရှေးဟောင်းအမွေအနှစ် လုပ်ငန်းများတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံလို၊ စင်ကာပူယာဉ်မောင်းလိုင်စင်ရရှိမည့် အကြိုသင်တန်း မြန်မာနိုင်ငံတွင် ဖွင့်လှစ်မည်၊ မြန်မာကြက်ဆူစေ့များ ဂျပန်ကုမ္ပဏီက စတင်ဝယ်ယူ၊ ဧရာဝတီကျေးရွာတချို့သို့ ဒီရေတောမှ လျှပ်စစ်မီးပေးနိုင်ရန်စီစဉ်၊ ကြွက်များ ဝင်ရောက်ဖျက်ဆီးသဖြင့် ပဲခူးရိုးမရှိစိုက်ခင်းများ ပျက်စီးခဲ့ရ၊ ရာသီဥတုပြောင်းလဲလာမှုက ပြည်တွင်းရှိ ရှားပါးတိရစ္ဆာန်များအတွက် အန္တရာယ်ဖြစ်လာ၊ မြန်မာခရီးသွားများ ဗီယက်နမ်သို့ ဈေးနှုန်းသက်သာစွာဖြင့် သွားရောက်လည်ပတ်နိုင်စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ ရှားပါးမျိုးနွယ် လင်းပိုင်တစ်ကောင် ကမ်းခြေတွင် လာရောက်သေဆုံး Myanmar DISCOVERY၊ ဆရာဘုန်းလူလှ၏နိုင်ငံရေးသဘောတရားများPoliticalColumn၊ **'အောင်မြင်ရေးစိတ်ဓာတ်သာမခိုင်မာရင် ဘာပဲလုပ်လုပ် ပျက်စီးသွားမယ်'** သူ့ဘဝ သူ့ဒဿန၊ စေတနာပါလျှင် ပညာသာမည်၊ နေ့လယ်နှင့်နေ့လည်၊ ကျူရှင်နှင့်ကျွန်တော့်အမြင်ကဲ့သို့သော ဖတ်စရာမှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကိုယ်ကျိုးမငဲ့တဲ့သူနဲ့ တစ်ကိုယ်ကောင်းဆန်တဲ့သူ အတူတူပဲ' စီးပွားရေးပညာရှင် ဂွန်ဟွီဇင်ဂါနှင့် STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူဘောလုံးအားကစားမှာ နိုင်ငံရေးဝင်ကစားနေပြီလား၊ပါကစ္စတန်ဝန်ကြီးချုပ်က အစ္စလာမ့်စ်အုပ်စုအား ချေမှုန်းရန်အမိန့်ထုတ်ပြန်၊ စီအင်န်အင်န် အယ်ဒီတာတစ်ဦး Twitterသဘောထား ထုတ်ဖော်ရေးသားမှုအတွက် အလုပ်ဖြုတ်ခံရ၊ ဂျိမ်းစ်ဘွန်းဇာတ်ကားထဲက မိုးပျံကားတွေအပြင်မှာ တကယ်စီးရတော့မယ်၊ ကမ္ဘာ့ရုပ်အဆိုးဆုံးနှင့်ရုပ်အချောဆုံး ဘောလုံးသမားရွေးချယ်၊ ညစ်ညမ်း ပြက်လုံးပါသော ရုပ်မြင်သံကြားအစီအစဉ်များကို တရုတ်အစိုးရက ချေမှုန်းမည်စသည့် နိုင်ငံတကာသတင်းများ၊ သတင်း ဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲများနှင့် လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီတွင် တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွဋ်က မန္တလေးတိုင်းအတွင်း ခရိုင်အလိုက် မဲရုံတည်နေရာများ သတ်မှတ်မှုနှင့် မဲစာရင်းပြုစုမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက မိမိတို့ခရိုင်နှင့် မြို့နယ်အလိုက် မဲရုံတည်နေရာနှင့် မဲစာရင်းပြုစုထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၇-၂၀၁၀ (တနင်္ဂနွေနေ့)

၁၃၇၂ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ (တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၂၅ ၈။ “သုံးပင်နှစ်ဆယ်”
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ” (အပိုင်း-၂၆)**
၁၂း၃၀ ၅။ Golf Magazine(TV)
၁၂း၅၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း “အဖြူရောင်ဘဝများ” (ကျော်ဟိန်း၊မေသန်းနု၊ ခွန်းဆင့်နေခြည်) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
၂း၃၅ ၇။ မူဟန်သွယ်သွယ်ဆိုကြမယ်
၂း၅၀ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၅ ၄။ အတီးပြိုင်ပွဲ
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ **ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၂၀)**
၆း၃၅ ၁၁။ **တစ်မျက်နှာတစ်ကွက်စာ “လက်ဆောင်” (ရဲသီဟကို၊ ဇေယျာထက်နိုင်၊ ချမ်းမီမီကို) [ဒါရိုက်တာ-မေတင်(MMG)]**
၆း၅၀ ၁၂။ တေးဂီတအစီအစဉ်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိတာခွင့်လွှတ်ပါ” (အပိုင်း-၂၂)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ သွေး(အေဝမ်းစိုးမြင့်အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
၁၈။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (အပိုင်း-၄၃)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေဆုံးမြေဆုံး” (အပိုင်း-၄)**
၂၀။ ရုပ်သံကြယ်ပွင့်များ
၂၁။ အစီအစဉ်ပြီး၏။

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပရဝဏ်အတွင်း သတ်မှတ်နေရာ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်နေရာ၌ မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးပြီး အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် သီးပင်စားပင်များ စိုက်ပျိုးခဲ့သည်။

(သတင်းစဉ်)

အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း အစိုးရအဖွဲ့ရုံး ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အစိုးရအဖွဲ့ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

အစိုးရအဖွဲ့ရုံး ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ပရဝဏ်အတွင်း သတ်မှတ်နေရာ၌ ကျင်းပရာ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်နေရာ၌ မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးပြီး အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ အစိုးရအဖွဲ့ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ စိန်တလုံးသရက်နှင့် သီးပင်စားပင် ပျိုးပင်ပေါင်း ၁၄၂၀ ကို စိုက်ပျိုးခဲ့သည်။ (သတင်းစဉ်)

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းကျင်းပသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မိတ်ဆက်အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေ(**ယာပုံ**)နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Head of Delegation Mr. Bernd Schell တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေး ပညာပေးနည်းလမ်းများ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သိပ္ပံအခြေခံသဘောများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သည့်ဌာနများမှ ဝန်ထမ်းများနှင့် ကြက်ခြေနီ စေတနာ့ဝန်ထမ်းများအား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အခြေခံသတင်းအချက်အလက်များ သိရှိနိုင်စေရန်နှင့် ဒေသနှင့်လိုက်လျောညီထွေ ဆောင်ရွက်လျက်ရှိသည့် ဘေးဒဏ်လျော့ပါးရေးလုပ်ငန်းစီမံချက်များတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပညာပေးလုပ်ငန်းများ၌ ပြည်သူလူထုသိရှိနားလည်၊ လက်ခံကျင့်သုံးလာစေရန်အတွက် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကရင်၊ ချင်း(တောင်ပိုင်း)၊ မွန်၊ ရခိုင်ပြည်နယ်များ၊ တနင်္သာရီ၊ ပဲခူး(အရှေ့ပိုင်း)၊ ပဲခူး(အနောက်ပိုင်း)၊ ရန်ကုန်၊ ဧရာဝတီတိုင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ လေးဦးစီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ တစ်ဦး စုစုပေါင်း ၄၁ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး မြိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ လေယာဉ်ကွင်းလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကန်ဖျားရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မြိတ်တောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန်တံတားပြုပြင်ခြင်းနှင့် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မီးသတ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ မြိတ်လေယာဉ်ကွင်းလမ်းဆုံ သန့်ရှင်းသာယာလှပရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မင်္ဂလာဒုံအထူးကုဆေးရုံကြီး၌ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီး အဆင့်မြှင့်တင်ရေးတည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မင်္ဂလာဒုံနှင့် သာကေတအထူးကုဆေးရုံကြီးများ အဆင့်မြှင့်တည်ဆောက်မှု ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီခွဲတွင် မင်္ဂလာဒုံအထူးကုဆေးရုံကြီးသို့ သွားရောက်၍ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီး အဆင့်မြှင့်တင်တည်ဆောက်မှုလုပ်ငန်းနှင့် နာတာရှည်ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုလုပ်ငန်း အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဆေးရုံကြီး ခန်းမဆောင်၌ ဆေးရုံအုပ်ကြီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံရာ ဆေးရုံအုပ်ကြီးက ဆေးရုံနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နာတာရှည်ရောဂါသည်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး၍ လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီဖြင့် ဆေးရုံကြီးသို့ လာရောက်ကုသနိုင်ရန် စည်းရုံးကြိုးပမ်းဆောင်ရွက်သွားကြရေးနှင့် ကျန်းမာရေးပြဿနာဖြစ်ပေါ်နိုင်သည့် ဒေသများသို့ Mobile Team များစေလွှတ်၍ ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားကြရေး မှာကြားသည်။

ဆက်လက်၍ စီမံချက်မန်နေဂျာများနှင့် အထူးကုဆရာဝန်ကြီးများ၏ လိုအပ်ချက်၊ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးအား ဆောက်လုပ်ရေးတာဝန်ခံ ဦးစိုးလှိုင်က ခုတင်(၁၀၀)ဆံ့ အထူးကုဆေးရုံကြီး တိုးချဲ့အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းမှာကြားသည်။

ယင်းနောက် အမျိုးသမီးလူနာ ကုသဆောင်၊ မီးဖိုဆောင်၊ အမျိုးသားလူနာကုသဆောင်များနှင့် အဆောက်အအုံတိုးချဲ့ဆောက်လုပ်ရေးလုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာကေတအထူးကုဆေးရုံကြီး အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မန္တလေးစွမ်းအားဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုးလှိုင်က အဆောက်အအုံဆောက်လုပ်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဆေးရုံအတွင်းနှင့် အဆောက်အအုံသစ် တိုးချဲ့ဆောက်လုပ်မည့်မြေနေရာ အခြေအနေများ၊ သာကေတအထူးကုဆေးရုံကြီး တည်ဆောက်မည့်ပုံစံ (Proposal 3-D Layout Plan) တို့ကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု မော်လမြိုင်ကျွန်း၌ စုပေါင်းသစ်ပင်စိုက်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၇

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ ရာဇူဒိုင်တံတားအမှတ်(၂) တွင် စုရပ်ထားရှိပြီး မော်လမြိုင်ကျွန်း-ကျိုက်ပိ-ဝဲဒေါ်ကားလမ်းတစ်လျှောက်နှင့် မော်လမြိုင်ကျွန်း - လှိုင်းဘုန်း - ပြင်စလူ ကားလမ်းတစ်လျှောက်တို့တွင် တစ်ပြိုင်တည်းကျင်းပကြသည်။

ယင်းစုပေါင်းသစ်ပင်စိုက်ပွဲတော်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်ညွှန့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင်၊ အော်ရီရှားပင်နှင့် ယူကလစ်ပင် စုစုပေါင်း ၂၅၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ဝဲပုံ)**

ယခုနှစ် သစ်ပင်စိုက်ပျိုးပွဲတော်၌ မော်လမြိုင်ကျွန်းတစ်မြို့နယ်လုံးတွင် ကျွန်းပင်၊ အော်ရီရှားပင်နှင့် ယူကလစ်ပင် စုစုပေါင်း ၉၂၈၄၆ ပင်တို့အား စိုက်ပျိုးသွားကြမည်ဖြစ်သည်။

(၁၆၄)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် -အမြွှာစုံထောက် (အပိုင်း-၂၂)**
၁၁း၃၅	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာစက်ဝန်း**
၁၂း၃၀	၆။	ကျန်းမာသုတ
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၅၃)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၀။	**ဘဝကြေးမုံ** -မေတ္တာရောင်ပြန် မဟပ်လေဖြင့် (အပိုင်း-၁) (မင်းဦး၊ ခိုင်ပွင့်) [ဒါရိုက်တာ-ဆဲဗင်း(**IC**)]
၆း၅၀	၁၁။	ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	၁၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း (အပိုင်း-၃၁)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၄။	နိုင်ငံတကာသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ကျန်းမာသုတ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း (အပိုင်း-၆၂)**
	၂၁။	လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၁၁)
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

ကုန်သည်/စက်မှုအသင်းချုပ်နှင့်ပြည်ပကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့်အဖွဲ့အား ဂျာမနီသမ္မတနိုင်ငံ JBG Gauff Ingenieure မှ Managing Director, Mr. Kurt Birkenmeier ခေါင်းဆောင်သော အဖွဲ့ဝင်နှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ ရက်တွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး စီးပွားရေးအခွင့်အလမ်းများဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် လုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း အဆက်အသွယ်ရရှိရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။

အလားတူ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ Second Secretary (Commercial), Mr. Mayank Joshi သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး ဩဂုတ်လအတွင်း အိန္ဒိယသမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်၍ နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးပွဲများပြုလုပ်ရန် ရင်းနှီးစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်စီမံကိန်းမှူး ဦးသန်းထွဋ် ဝန်ထမ်းသားသမီးတစ်ဦးအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

(ခရိုင်ပြန်/ဆက်)

ပုတီးကုန်းမြို့ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

အဝေးရောက်နယ်သူ၊ နယ်သားများ၏ စတုတ္ထအကြိမ်မြောက် ပုတီးကုန်းနယ်ဖွားပါရဂူဘွဲ့ရ ကျောင်းသားများနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တက္ကသိုလ်မှော်ဘီ တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီးဦးသန်းလွင် ဖုန်း-၃၇၇၇၄၀၊ ဆရာကြီးဦးနီ ဖုန်း-၅၂၇၇၂၉၊ ဦးဝတင် ဖုန်း-၅၂၂၂၅၀-၂၉၄၊ ဦးချစ်ရင် ဖုန်း-၀၉-၅၀၉၄၃၇၃၊ ဒေါ်မြသွင် ဖုန်း-၅၄၆၈၇၉နှင့် ဦးအောင်တင် ဖုန်း-၀၉-၅၀၃၇၈၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

ဇွန် ၁၉ ရက်က ဘီးလင်းမြို့တွင် ၂၀၁၀ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထန်ရှင်ဖုန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပျိုးပင်များကို ဖြန့်ဝေပေးပြီး ကျွန်း၊ ယူကလစ်နှင့် မဟော်ဂနီပင် စုစုပေါင်း ၁၀၅၀ ကို စုပေါင်းစိုက်ပျိုးစဉ်။ (မြို့နယ်ပြန်/ဆက်)

(ကင်းသာ-ကိုးကွေ့)အပိုင်းကို ဖွင့်လှစ်ပေးခဲ့
ဒေသခံပြည်သူများ သွားလမ်းသာပြီး လာလမ်းဖြောင့်လျက်ရှိ

❀နေပြည်တော်ပျဉ်းမနားမှ

လိန်းလီ ကြိုးတံတားကြီးကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက် ရှိကြောင်း ကြားသိရသဖြင့် ကျွန်တော်သည် သတင်းသွားရောက်ရယူရန် လမ်းအထူးအဖွဲ့(၁၃)မှ စီစဉ်ပေးသည့် ကားကလေး တစ်စီးဖြင့် နေပြည်တော်ပျဉ်းမနား - ပင်လောင်း လမ်းအတိုင်း ၂၀၁၀ ဇူလိုင်လ ပထမပတ်အတွင်းက ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

နေပြည်တော်ပျဉ်းမနား-ပင်လောင်း ကတ္တရာလမ်းသည် ယခုအခါ အဆင့်မြှင့်တင်ပြီး ၁၈ပေအကျယ် ခင်းလျက်ရှိရာ မကြာသေးမီ ရက်အတွင်းက (ကင်းသာ-ကိုးကွေ့)အပိုင်းကို ဖွင့်လှစ်ပေးခဲ့သဖြင့် ဒေသခံပြည်သူများ သွားလမ်းသာပြီး လာလမ်းဖြောင့်လျက်ရှိကြသည်ကို ခရီးစဉ်တစ်လျှောက် မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသည်။

ဟန်ချက်ညီညီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယခုကဲ့သို့ အရင်းအနှီး မြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး လမ်းနှင့်တံတားများကို တည်ဆောက်နေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖြစ်ထွန်းတိုးတက်လာစေရန်ဖြစ်သည်။

လျာထား

၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀နှင့်အထက် ပြည်နယ်နှင့်တိုင်းအလိုက် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ၊ တည်ဆောက်ရန် လျာထားသော စာရင်းများကို တင်ပြရလျှင်-

စဉ်	ပြည်နယ်/တိုင်း	တည်ဆောက်ပြီး	တည်ဆောက်ဆဲ	တည်ဆောက်ရန်လျာထား
၁။	ကချင်ပြည်နယ်	၁၉စင်း	၂ စင်း	၁ စင်း
၂။	ကယားပြည်နယ်	၁ စင်း	၁ စင်း	-
၃။	ကရင်ပြည်နယ်	၇ စင်း	၂ စင်း	၁ စင်း
၄။	ချင်းပြည်နယ်	၃ စင်း	-	-
၅။	စစ်ကိုင်းတိုင်း	၁၇စင်း	၃ စင်း	၁ စင်း
၆။	တနင်္သာရီတိုင်း	၇ စင်း	-	-
၇။	ပဲခူးတိုင်း	၁၉စင်း	၁ စင်း	-
၈။	မကွေးတိုင်း	၂၀ စင်း	၃ စင်း	-
၉။	မန္တလေးတိုင်း	၁၂ စင်း	၁ စင်း	-
၁၀။	မွန်ပြည်နယ်	၄ စင်း	-	-
၁၁။	ရခိုင်ပြည်နယ်	၃၆ စင်း	၁ စင်း	-
၁၂။	ရန်ကုန်တိုင်း	၃၀ စင်း	၁ စင်း	-
၁၃။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၄ စင်း	-	-
၁၄။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၅ စင်း	၂ စင်း	-
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၇ စင်း	-	၁ စင်း
၁၆။	ဧရာဝတီတိုင်း	၄၉ စင်း	၅ စင်း	၁ စင်း
	စုစုပေါင်း	၂၄၀ စင်း	၂၂ စင်း	၅ စင်း

တို့ဖြစ်သည်။

ပေ (၁၈၀)အောက် တည်ဆောက်ပြီးခဲ့သော တံတားများမှာ-

စဉ်	ပြည်နယ်/တိုင်း	ပေ (၁၈၀)အောက်
၁။	ကချင်ပြည်နယ်	၄၁၃ စင်း
၂။	ကယားပြည်နယ်	၂၅ စင်း
၃။	ကရင်ပြည်နယ်	၁၈၇ စင်း
၄။	ချင်းပြည်နယ်	၁၇ စင်း
၅။	စစ်ကိုင်းတိုင်း	၄၀၈ စင်း
၆။	တနင်္သာရီတိုင်း	၁၁၆ စင်း
၇။	ပဲခူးတိုင်း	၁၇၁ စင်း
၈။	မကွေးတိုင်း	၁၆၄ စင်း
၉။	မန္တလေးတိုင်း	၂၁၂ စင်း
၁၀။	မွန်ပြည်နယ်	၁၃၁ စင်း
၁၁။	ရခိုင်ပြည်နယ်	၂၅၉ စင်း
၁၂။	ရန်ကုန်တိုင်း	၆၇ စင်း
၁၃။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၁၆၈ စင်း
၁၄။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၁၈၅ စင်း
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၈၀ စင်း
၁၆။	ဧရာဝတီတိုင်း	၃၁၂ စင်း
	စုစုပေါင်း	၂၉၁၅ စင်း

တို့ဖြစ်သည်။

မြစ်ကိုတွေ့လျှင် တံတားဆင် ပြည်ခွင်သာဖို့ လမ်းခင်းစို့

လိန်းလီကြိုးတံတားကြီး၏ အဓိကကြိုးကြီးတပ်ဆင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာ လုပ်သားကြီးများ ဆောင်ရွက်နေကြစဉ်။

ထို့အပြင် ၁၉၈၈ခုနှစ် မတ်လမှ ၂၀၁၀ခုနှစ် မတ်လကုန်အထိ တိုးတက်လာသောလမ်းများမှာ-

ပြည်နယ်/တိုင်း	၁၉၈၈ခုနှစ် မတ်လကုန်အထိလမ်းအခြေအနေ					၂၀၁၀ခုနှစ် မတ်လကုန်အထိလမ်းအခြေအနေ					တိုးတက်လာသောလ		
	ကတ္တရာ	ကျောက်	အမာခံ	မြေလမ်း	စုစုပေါင်း	ကတ္တရာ	ကျောက်	အမာခံ	မြေလမ်း	စုစုပေါင်း	ကတ္တရာ	ကျောက်	အမာခံ
ကချင်ပြည်နယ်	၁၆၀-၀	၁၅၆-၀	၈၈၆-၀	၂၆၉-၀	၁၄၇၁-၀	၃၅၄-၀	၅၄၇-၆	၅၆၉-၀	၁၈၉-၀	၁၆၅၉-၆	၁၉၄-၀	၃၉၁-၆	(-)၃၁၇
ကယားပြည်နယ်	၁၂၆-၀	၃၀-၀	၁၄၂-၀	၉၈-၀	၃၉၆-၀	၂၉၅-၁	၉၀-၅	၁၂၉-၀	၁၂၄-၂	၆၃၉-၀	၁၆၉-၁	၆၀-၅	(-)၁၃
ကရင်ပြည်နယ်	၂၀၁-၀	၄၅-၀	၁၇၈-၀	၁၃၀-၀	၅၅၄-၀	၃၅၂-၆	၁၃၀-၁	၁၂၃-၆	၁၅၆-၇	၇၇၀-၄	၁၅၁-၆	၉၃-၁	(-)၅၄
ချင်းပြည်နယ်	၄၀-၀	၅-၀	၃၀-၀	၆၂၀-၀	၆၉၅-၀	၂၈၇-၇	၂၈၂-၃	၁၅-၄	၄၈၁-၅	၁၀၆၇-၃	၂၄၇-၇	၂၇၇-၃	(-)၁၄
စစ်ကိုင်းတိုင်း	၃၄၅-၀	၁၅၀-၀	၅၄၀-၀	၂၉၇-၀	၁၃၃၂-၀	၁၀၆၅-၄	၃၇၇-၄	၄၆၀-၃	၃၄၂-၄	၂၂၄၅-၇	၇၂၀-၄	၂၂၇-၄	(-)၇၉
တနင်္သာရီတိုင်း	၂၁၃-၀	၅-၀	၁၃၆-၀	၄၃-၀	၃၉၇-၀	၄၆၄-၁	၂၃၉-၂	၄-၀	၅၀-၀	၇၅၇-၃	၂၅၁-၁	၂၃၄-၂	(-)၁၃၂
ပဲခူးတိုင်း	၇၀၇-၀	၂၄-၀	၈၀-၀	၄-၀	၈၁၅-၀	၉၃၇-၅	၁၃၈-၆	၁၉၅-၆	၈၄-၅	၁၃၅၆-၆	၂၃၀-၅	၁၁၄-၆	၁၁၅
မကွေးတိုင်း	၅၀၃-၀	၉၅-၀	၅၄၃-၀	၁၆၇-၀	၁၃၀၈-၀	၁၀၈၆-၇	၂၃၃-၇	၄၁၂-၂	၂၂၉-၁	၁၉၆၂-၁	၅၈၃-၇	၁၃၈-၇	(-)၁၃၀
မန္တလေးတိုင်း	၈၅၃-၀	၇၀-၀	၇၄-၀	၃၇-၀	၁၀၃၅-၀	၁၂၄၁-၀	၁၃၈-၄	၁၀၁-၅	၇၅-၇	၁၅၅၇-၀	၃၈၈-၀	၆၇-၄	၂၇
မွန်ပြည်နယ်	၃၅၂-၀	၃-၀	၃၉-၀	၃၀-၀	၄၂၄-၀	၃၉၇-၃	၂၄-၂	၃၂-၄	၁၀-၅	၄၆၄-၆	၄၅-၃	၂၁-၂	(-)၆
ရခိုင်ပြည်နယ်	၁၆၃-၀	၁၃၅-၀	၁၃၀-၀	၂၀-၀	၄၄၈-၀	၅၆၈-၄	၂၄၇-၁	၁၁၄-၄	၁၄၇-၇	၁၀၇၈-၀	၄၀၅-၄	၁၁၂-၁	(-)၁၅
ရန်ကုန်တိုင်း	၂၂၈-၀	၉-၀	၆-၀	-	၂၄၃-၀	၄၀၃-၅	၆၄-၇	၆၀-၇	၆၅-၅	၅၉၅-၀	၁၇၅-၅	၅၅-၇	(-)၅၄
ရှမ်းပြည်နယ်(အရှေ့ပိုင်း)						၂၅၇-၄	၁၄၁-၆	၂၈၉-၄	၂၀၅-၅	၈၉၄-၃			
ရှမ်းပြည်နယ်(တောင်ပိုင်း)	၁၄၅၉-၀	၇၈၁-၀	၇၀၀-၀	၁၁၃၇-၀	၄၀၇၇-၀	၉၄၇-၇	၄၃၁-၂	၂၄၃-၁	၄၁၇-၆	၂၀၄၀-၀	၇၇၄-၃	၄၉၇-၄	၉၅
ရှမ်းပြည်နယ်(မြောက်ပိုင်း)						၁၀၂၈-၀	၇၀၅-၄	၂၆၃-၀	၇၀၅-၆	၂၇၀၂-၂			
ဧရာဝတီတိုင်း	၁၉၃-၀	၆၀-၀	၁၄၄-၀	၄၃-၀	၄၄၀-၀	၆၅၅-၇	၃၈၉-၁	၁၈၃-၂	၃၄၁-၇	၁၅၇၀-၁	၄၆၂-၇	၃၂၉-၁	၃၉
စုစုပေါင်း	၅၅၄၃-၀	၁၅၆၉-၀	၃၆၂၈-၀	၂၀၉၅-၀	၁၃၆၃၅-၀	၁၀၃၄၃-၅	၄၁၉၀-၅	၃၁၉၈-၀	၃၆၂၉-၀	၂၁၃၆၁-၂	၄၈၀၀-၅	၂၆၂၁-၅	(-)၄၃၀

တို့ဖြစ်သည်။

ထို့အပြင် ဖောက်လုပ်ဆဲအချို့နှင့် ဖောက်လုပ်ပြီး ရိုးမအရှေ့/အနောက်ဖြတ်လမ်းမှာ (တိုက်ကြီး-ဖောင်ကြီး- ပဲခူးလမ်း (တိုက်ကြီး ၁၀ မိုင်ကုန်းအပိုင်း) ၄၂ မိုင် ခုနစ်ဖာလုံ၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုပ်လမ်း ၁၄၃ မိုင် ခြောက်ဖာလုံ၊ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း ၁၂၅ မိုင် တစ်ဖာလုံ (အဆိုပါလမ်းမှာ ဖောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သည်) နေပြည်တော် (၁၂) မိုင် တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း ၅၄ မိုင် နှစ်ဖာလုံ၊ (မကွေး) ကံပြား-မြို့သစ်-တောင်ညို-နေပြည်တော် ၁၂မိုင် လမ်း၊ ၁၀၇ မိုင် နှစ် ဖာလုံ၊ မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း ကိုးမိုင် လေးဖာလုံ၊ ကိုးပင်-သာဂရလမ်း ၉၆ မိုင် သုံးဖာလုံတို့ဖြစ်ပြီး အသစ်ဖောက်လုပ်နေသည့်လမ်းများမှာ-

(၁) ကသာ-စင်းခန်းလမ်း (၆၅/၀) မိုင်၊ (၂) ပြင်ဦးလွင်-ရတနာသိဂီ - မိုးကုတ်လမ်း (၉၇/၇) မိုင်၊ (၃)မဲတောင်ရှောင်ကွင်းလမ်း(၃/၅) မိုင်၊(၄) ထီလုံ-တာပေါင်-ပတ-နဘူး-အောက်ဗိုလ်တဲလမ်း(၅၇/၆)မိုင်၊ (၅)အနီးစခန်း-ရွှေချောင်းလမ်း(၁၀/၀) မိုင်၊(၆) ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာ-ပြင်စာ-ကဗြူးလမ်း (၃၅/၀) မိုင်၊(၇) မိုင်ပြင်း-မက်မန်းလမ်း(၇၃/၀) မိုင်၊(၈) လောက်ကိုင်-ကုန်ကြမ်း-မော်ထိုက်လမ်း (၆၈/၀) မိုင်၊ (၉) နမ္မတူ-မုံးဝီးလမ်း (၃၅/၄) မိုင်၊ (၁၀) မုံးကိုး-ဖောင်ဆိုင်လမ်း (၁၁/၀) မိုင်၊ (၁၁) ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်း(၅၄/၅) မိုင်၊(၁၂) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်း(၆၆/၀) မိုင်တို့ ဖြစ်သည်။

ယခုလိန်းလီကြိုးတံတားကြီးကို ၂၂-၉-၂၀၀၆ ရက်တွင် ကျင်းပသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးအမှတ်(၁/၂၀၀၆) ဖြင့် တည်ဆောက်ခွင့်ပြုခဲ့သော တံတားကြီးဖြစ်သည်ဟု သိရသည်။

လိန်းလီကြိုးတံတားကြီးသည် နေပြည်တော် ပျဉ်းမနား-ပင်လောင်း ကတ္တရာလမ်း မိုင်တိုင်အမှတ် (၄၂/၄) လိန်းလီရွာတွင်တည်ရှိပြီး ဤတံတားကြီးဖြစ်ပေါ်လာပုံမှာ အထက်ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ပြီးချိန်တွင် လိန်းလီရွာရှိ လက်ရှိဘေလီတံတား ပေ ၁၇၀ နှင့် နေပြည်တော် ပျဉ်းမနား-ပင်လောင်းကားလမ်း ၁၂ ပေအကျယ် ကတ္တရာလမ်း ၃ ဒသမ ၅ မိုင်ခန့်သည် ရေနစ်မြှုပ်ဧရိယာအတွင်း ကျရောက်သွားမည်ဖြစ်သောကြောင့် ယခုကဲ့သို့ တံတားသစ်ကို ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လိန်းလီတံတားစီမံကိန်းဆိုင်ရာ အချက်အလက်များမှာ-

တည်နေရာ-ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့ ပျဉ်းမနား-ပင်လောင်း၊ မိုင်တိုင်အမှတ်(၄၂/၅)တံတားအရှည် ၁၇၆၀ ပေ(က) ပင်မကြိုးတံတား ၁၀၀၀ပေ၊(ခ) ချဉ်းကပ်တံတား ၃၈၀ ပေ(တစ်ဖက်စီ)ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက် ၃ပေစီ တံတားအမျိုးအစား သံမဏိသံပေါင်ကြိုးတံတား အုတ်မြစ်1.5 m 0 Bored Pile Foundation (ခ)တံတားအပေါ်ထည် သံဏိသံပေါင်၊ သံကူကွန်ကရစ်

လိန်းလီကြိုးတံတားကြီးကို
အစအဆုံး တာဝန်ယူပြီး သတ်မှ
ပါဝင်ကြီးကြပ်၍ ဆောင်ရွက်လျ
[အ

နေပြည်တော်ပျဉ်းမနား-ပင်
ဤကြိုးတံတားကြီးသည် တစ်ဖ
ရွှေညောင်၊ တောင်ကြီးနှင့် ကယ
တောင်ပေါ်တိုင်းရင်းသားများန
နေပြည်တော်တပ်ကုန်း စသည်
တစ်ဦး ကူးလူးဆက်ဆံသွားလာန
ဆောင်ရင်း အစဉ်ထာဝရငြိမ်းချမ်

တည်နေရာ-ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့ ပျဉ်းမနား-ပင်လောင်း၊ မိုင်တိုင်အမှတ်(၄၂/၅)တံတားအရှည် ၁၇၆၀ ပေ(က) ပင်မကြိုးတံတား ၁၀၀၀ပေ၊(ခ) ချဉ်းကပ်တံတား ၃၈၀ ပေ(တစ်ဖက်စီ)ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက် ၃ပေစီ တံတားကြမ်းခင်း ရေလမ်းကင်းလွတ်နယ် (က) အကျယ် ၈၈၀ ပေ၊ (ခ) အမြင့် ၉ ပေ၊ တံတားခံနိုင်ဝန် ၇၅ တန်၊ စီမံကိန်းတန်ဖိုး ရေးဆွဲဆဲ၊ စီမံကိန်းစတင်သည့်နေ့ ၂၂-၉-၂၀၀၆ စီမံကိန်းပြီးစီးမည့်နေ့မှာ ၃၁-၁၀-၂၀၁၀ တို့ဖြစ်သည်။

ကျွန်တော်သည် တံတားကြီး အမျိုးအစား သံမဏိသံပေါင် ကြိုးတံတား အုတ်မြစ်1.5 m 0 Bored Pile Foundation (ခ)တံတားအပေါ်ထည် သံဏိ သံပေါင်၊ သံကူကွန်ကရစ် တည်ဆောက်ရေး လုပ်ငန်းခွင်တွင် လုပ်သားများနှင့်အတူ ကိုယ်တိုင်ပါဝင် လုပ်ကိုင်နေသော တံတားတည်ဆောက်ရေးအထူးအဖွဲ့(၉)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး (မြို့ပြ) ဦးတင်ဦးအား တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းကြည့်ရာ ဦးတင်ဦးက တံတား၏ အမျိုးအစားမှာ ကြိုးတံတားဖြစ်ပြီးတည်ဆောက်ပြီးစီးလျှင် မြန်မာပြည်၌ အမြင့်ဆုံး ကြိုးတံတားကြီးတစ်စင်းအဖြစ် တည်ရှိနေမှာဖြစ်ကြောင်း တံတားခံနိုင်ဝန်မှာလည်း ၇၅တန်အထိရှိမှာဖြစ်ကြောင်း။

လိန်းလီကြိုးတံတားကြီးကို မြန်မာအင်ဂျင်နီယာများက အစအဆုံး တာဝန်ယူပြီး သတ်မှတ်ကာလအတွင်းပြီးရန် မိမိ ပါဝင်ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိပါတယ်။

[အင်ဂျင်နီယာချုပ် ဦးသန်းဆွေ]

စတင်တည်ဆောက်သည့်နှစ်မှာ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၂ ဖြစ်ပြီး တံတားစတင်တည်ဆောက်စဉ်က အခက်အခဲတစ်မျိုး တွေ့ပါကြောင်း၊ ယင်းမှာ ပင်မတံတားတိုင်ကူးရာတွင် ပေ ၂၀ ခန့်မှစပြီး ကျောက်လွှာများ တွေ့သဖြင့် ရိုးရိုး Boring လုပ်၍ မရတော့ဘဲ dwelling Bucket နှင့် ဖြတ်ကျော်ရ၊ (Jumper) ထောင်းရ၊ နောက် Tri-Coat တို့ Auger တို့နှင့်ဖွပြီးမှ ဘိုက်ကက် အသေးဆင်းရကြောင်း၊ ယင်းနောက်တွင် dwelling Side cap အကြီးနှင့် သယ်ရကြောင်း၊ ဤကဲ့သို့ လုပ်ငန်းစဉ်များ အထပ်ထပ် ဆောင်ရွက်ခဲ့ရကြောင်း။

ဘိုးပိုင်တူးရာတွင် ကျောက်လွှာတွေ့သဖြင့် ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရသကဲ့သို့ အပေါ်ပိုင်း တာဝါရှပ်တိုင်လုပ်သည့် အခါတွင်လည်း ဟော်လိုတိုက်ဖြစ်၍ လက်မ ၂၀ အထဲဆင်း၍ ပုံစံဆင်ရတာတို့သည် ခက်ခက်ခဲခဲလုပ်ခဲ့ရကြောင်း၊ တာဝါတိုင် T.2 မှာ မြေပြင်အထက် ပေ ၁၄၀ ရှိပြီး ဟော်လိုတိုက် ဖြစ်၍ ခက်ခဲကြောင်း၊ မိုးတွင်းကာလတွင် မိုးဒဏ်လေဒဏ်ခံပြီး ဟိုးအမြင့်တွင် ဝန်ထမ်းများ သက်စွန့်ဆံဖျား အလုပ်လုပ်ခဲ့ရကြောင်း စသည်ဖြင့် ပြောပြပါသည်။

ထို့နောက် ရှင်းလင်းဆောင် အရှေ့မြောက်ခင်းပြင်၌ လုပ်ငန်းခွင်တစ်ခုလုံးကို ကြီးကြပ်နေသော ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးသန်းဆွေအား ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ရာ ဦးသန်းဆွေက အင်ဂျင်နီယာချုပ် တာဝန်ဖြင့် လိန်းလီတံတားကြီး တည်ဆောက်ရာတွင် အနီးကပ် ကြီးကြပ်ရကြောင်း၊ ရုံးချုပ်မှ တည်ဆောက်ရေးပစ္စည်းများနှင့် ယန္တရားရရှိရေးအတွက်လည်း စီစဉ်ရပါကြောင်း။

ကြိုးတံတားကြီး၏ ဒီဇိုင်းအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒီဇိုင်းဖြစ်ကြောင်း၊ သို့အတွက်ကြောင့် တံတားကြီး၏ အပေါ်ထည်များသည် ဒီဇိုင်းအတိုင်း တပ်ဆင်ရမည့် သံပေါင်များ၊ သံဟင်ဂလံများ စသည့် ပစ္စည်းများကို တရုတ်ကုမ္ပဏီဖြစ်သော အိုအမ်ဘီ ကုမ္ပဏီတို့မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ်မှ စာချုပ်ချုပ်ဆိုပေးခဲ့ကြောင်း၊ ယခုအခါ အဆိုပါကုမ္ပဏီများမှ ပစ္စည်းများရောက်ရှိပြီး ဖြစ်သကဲ့သို့ တံတားကြီးအပေါ်ထည် တပ်ဆင်ရန်အတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရန် တရုတ်ပညာရှင်များလည်း ရောက်ရှိနေပြီဖြစ်ပြီး မြန်မာအင်ဂျင်နီယာများနှင့် ပေါင်းစပ်ဆောင်ရွက်ရေးကိုလည်း မိမိက ကြီးကြပ်စီစဉ်ပေးနေကြောင်း။

တံတားကြီး တစ်စင်းလုံး တည်ဆောက်ရေးအတွက် မြန်မာအင်ဂျင်နီယာများမှ ဆောင်ရွက်ကြောင်း၊ မိမိတို့တွင် ကြိုးတံတားကြီးများ တည်ဆောက်ခဲ့သည့် အတွေ့အကြုံပေါင်း များစွာရှိ၍ အခက်အခဲများကို ကျော်လွှားသွားနိုင်မှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပါသည်။

တံတားတည်ဆောက်ရေးလုပ်သားများနှင့် အတူ ပါဝင်ပြီး အခက်အခဲတွေကို ပူးပေါင်းဖြေရှင်း၍ ဤကြိုးတံတားကြီးကို တည်ဆောက်လျက်ရှိပါတယ်။

[ဒုတိယအင်ဂျင်နီယာမှူးကြီးဦးတင်ဦး]

နေပြည်တော် ပျဉ်းမနား-ပင်လောင်း ကတ္တရာလမ်းပေါ်ရှိ ဤကြိုးတံတားကြီးသည် တစ်ဖက်ရှိ ပင်လောင်း-တုန်ဟုန်း၊ ရွှေညောင်၊ တောင်ကြီးနှင့် ကယားပြည်နယ် လွိုင်ကော်တို့မှ တောင်ပေါ်တိုင်းရင်းသားများနှင့် နေပြည်တော်ပျဉ်းမနား-နေပြည်တော်တပ်ကုန်း စသည် မြေပြန့်သားတို့ တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံသွားလာနိုင်ရေး တာဝန်ကို သယ်ပိုးထမ်းဆောင်ရင်း အစဉ်ထာဝရငြိမ်းချမ်းစွာ တည်ရှိနေတော့မည် ဖြစ်ပါတော့သည်။

...တော်ပျဉ်းမနား-ပင်လောင်း ကတ္တရာလမ်းပေါ်ရှိ
...တားကြီးသည် တစ်ဖက်ရှိ ပင်လောင်း-တုန်ဟုန်း၊
...တောင်ကြီးနှင့် ကယားပြည်နယ် လွိုင်ကော်တို့မှ
...တိုင်းရင်းသားများနှင့် နေပြည်တော်ပျဉ်းမနား-
...ာ်တပ်ကုန်း စသည် မြေပြန့်သားတို့ တစ်ဦးနှင့်
...ူးဆက်ဆံသွားလာနိုင်ရေးတာဝန်ကို သယ်ပိုးထမ်း
...အစဉ်ထာဝရငြိမ်းချမ်းစွာ တည်ရှိနေတော့မည်ဖြစ်။

...န		တိုးတက်လာသောလမ်းမိုင်				
စုစုပေါင်း	ကတ္တရာ	ကျောက်	အမာခံ	မြေလမ်း	စုစုပေါင်း
၁၆၅၉-၆	၁၉၄-၀	၃၉၁-၆	(-)၃၁၇-၀	(-)၈၀-၀	၁၈၈-၆
၆၃၉-၀	၁၆၉-၁	၆၀-၅	(-)၁၃-၀	၂၆-၂	၂၄၃-၀
၇၇၀-၄	၁၅၁-၆	၉၃-၁	(-)၅၄-၂	၂၆-၇	၂၁၇-၄
၁၀၆၇-၃	၂၄၇-၇	၂၇၇-၃	(-)၁၄-၄	(-)၁၃၈-၃	၃၇၂-၃
၂၂၄၅-၇	၇၂၀-၄	၂၂၇-၄	(-)၇၉-၅	၄၅-၄	၉၁၃-၇
၇၅၇-၃	၂၅၁-၁	၂၃၄-၂	(-)၁၃၂-၀	၇-၀	၃၆၀-၃
၁၃၅၆-၆	၂၃၀-၅	၁၁၄-၆	၁၁၅-၆	၈၀-၅	၅၄၁-၆
၁၉၆၂-၁	၅၈၃-၇	၁၃၈-၇	(-)၁၃၀-၆	၆၂-၁	၆၅၄-၁
၁၅၅၇-၀	၃၈၈-၀	၆၇-၄	၂၇-၅	၃၈-၇	၅၂၂-၀
၄၆၄-၆	၄၅-၃	၂၁-၂	(-)၆-၄	(-)၁၉-၃	၄၀-၆
၁၀၇၈-၀	၄၀၅-၄	၁၁၂-၁	(-)၁၅-၄	၁၂၇-၇	၆၃၀-၀
၅၉၅-၀	၁၇၅-၅	၅၅-၇	(-)၅၄-၇	၆၅-၅	၁၀၀၇-၁
၈၉၄-၃					
၂၀၄၀-၀	၇၇၄-၃	၄၉၇-၄	၉၅-၅	၁၉၂-၁	၁၅၅၉-၅
၂၇၀၂-၂					
၁၅၇၀-၁	၄၆၂-၇	၃၂၉-၁	၃၉-၂	၂၉၈-၇	၁၁၃၀-၁
၂၁၃၆၁-၂	၄၈၀၀-၅	၂၆၂၁-၅	(-)၄၃၀-၀	၇၃၄-၀	၇၇၂၆-၂

လိန်းလီကြိုးတံတားကြီး၏ နေပြည်တော်ပျဉ်းမနားဘက်အခြမ်း ချဉ်းကပ်လမ်းကို တွေ့ရစဉ်။

ပညာရေးဆိုင်ရာသတင်း အချက်အလက်ပြပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ပညာရေး ရင်းမြစ်ကဏ္ဍအား အထောက်အပံ့ပြုနိုင်စေမည့် ပညာရေးဆိုင်ရာ သတင်းအချက်အလက် ပြပွဲတစ်ခုကို ဇူလိုင် ၂၁ ရက် (ဗုဒ္ဓဟူးနေ့) တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ် မြန်မာ့ခန်းမ၌ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသသွားမည် ဖြစ်သည်။

ယင်းပညာရေး သတင်းအချက်အလက်ပြပွဲတွင် လာရောက်ကြည့်ရှုလေ့လာသူ ကျောင်းသားလူငယ်နှင့် မိဘများအတွက် အထောက်အကူဖြစ်စေရန်နှင့် ဗဟုသုတတိုးပွားစေရန် အဆင့်မြင့် IT နည်းပညာသင်တန်းဖွင့်လှစ်သင်ကြား ပေးနေသည့် Myanmar World Wide Institute (M3WI) ၏ ပြခန်း၊ လွယ်ဟိန်းကုမ္ပဏီမှ ထုတ်လုပ်သည့် Blue Mountain ပစ္စည်းမိတ်ဆက်ပြခန်း၊ နိုင်ငံတကာစာအုပ်စတိုးဖြစ်သည့် Popular စာအုပ်ဆိုင်ပြခန်း၊ Technoland ကွန်ပျူတာပစ္စည်း အရောင်းပြခန်းများနှင့် Navitas' ပညာရေးကွန်ရက် အဖွဲ့အစည်းနှင့် ချိတ်ဆက်ထားသည့် နိုင်ငံများမှ တက္ကသိုလ်များက လာရောက်ပြသကြမည်ဖြစ်သည်။



ပြပွဲနှင့် ယှဉ်တွဲ၍ ဟောပြောပွဲများ၊ ပညာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးမည် ဖြစ်သည်။

AT & S ကုမ္ပဏီနှင့် Navitas' တို့က ပံ့ပိုးဆောင်ရွက်မှုဖြင့် ဤပြပွဲကို ခင်းကျင်းပြသခြင်းဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက AT & S ကုမ္ပဏီ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ဝင်း ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့်၀၉ -၅၀၆၂၁၇၁တို့သို့ ဆက်သွယ်စုံစမ်းပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၃) ယာဉ်ထိန်း နယ်မြေမှူး ဒုတိယရဲမှူးမြင့်အောင် ဇူလိုင် ၁၄ ရက်က မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာန၌ ဖွင့်လှစ်သည့် မီးသတ်တပ်ဖွဲ့ ယာဉ်မောင်းသင်တန်းမှ သင်တန်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်ခန်းစာများ ဟောပြောပို့ချစဉ်။

(ကြေးမုံ)

နေပြည်တော်ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းဖွင့်ပွဲ ကျင်းပ

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့) အပန်းဖြေစခန်း ဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်စည်ပင်သာယာရေးကော်မတီက အသစ်တည်ဆောက်ပြီးစီးသွားသော နေပြည်တော်ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါအပန်းဖြေစခန်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက်သည်။

ရှေးဦးစွာ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး၊ FCGC ကုမ္ပဏီမှ ဦးသန်းဝင်းဆွေတို့က နေပြည်တော် ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးသိန်းညွန့်က နေပြည်တော် ရေပန်းဥယျာဉ်မျှော်စင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်များသည် ရေပန်းဥယျာဉ်မျှော်စင်ပေါ်သို့ တက်ရောက်၍ ပတ်ဝန်းကျင်၏ ရှုခင်းများအား ကြည့်ရှုကြပြီး အပန်းဖြေစခန်း အတွင်း တည်ဆောက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ယခု တည်ဆောက်ဖွင့်လှစ်လိုက်သော နေပြည်တော် ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းသည် ရေပန်းဥယျာဉ် (တိုးချဲ့) Water Fountain Garden အပိုင်း(၂)နှင့် တစ်ဆက်စပ်တည်း တည်ရှိကာ ဧက ၆၀ ကျယ်ဝန်းသည်။

ရေပန်းဥယျာဉ်(တိုးချဲ့)သို့ အပန်းဖြေလာရောက်ကြသော ပြည်သူများအနေဖြင့် ရေမြေတောတောင်တို့၏ သဘာဝအငွေ့အသက်နှင့် အေးမြသောအရသာကို ထိတွေ့ခံစားနိုင်စေပြီး သဘာဝပတ်ဝန်းကျင်ကို နေချင်စဖွယ်ဖြစ်စေရန်၊ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နေပြည်တော်ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းအတွင်း စိန်ပန်း၊ ငုဝါ၊ ပိတောက်၊ ခရေ၊ ရေပျဉ်းမ စသော နှစ်ရှည်ပန်းအလှပင်များ၊ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ဆိမ့်၊ ကုက္ကိုစသော အရိပ်ရ နှစ်ရှည်လေကာပင်များ စိုက်ပျိုးထားသည့်အပြင် တောတောင်များအတွင်း ရှုခင်းများအား ကြည့်ရှုအပန်းဖြေရန် အဆောင်ငယ်များ၊ သဘာဝကျောက်ထိုင်ခုံများ၊ တောတွင်းတိရစ္ဆာန်ရုပ်တုများနှင့် လူသွားလမ်းကို တောင်ကြောတစ်လျှောက် သဘာဝအတိုင်း အနိမ့်အမြင့် သွားလာနိုင်ရန်တည်ဆောက်ထားပြီး တောတောင်လမ်းအတွင်း အပန်းဖြေလမ်းလျှောက်စဉ် ကျေးငှက်သံများ၊ စမ်းရေစီးသံများ၊ သားရဲတိရစ္ဆာန်တို့၏ အသံများကို သဘာဝအတိုင်း ခံစားနိုင်စေရန် ဖန်တီးစီစဉ်ထားရှိသည်။

ထို့အပြင် ၃ ဒသမ ၈ ဧကအကျယ် ရေကန်တစ်ခုကိုပါ ထည့်သွင်းတည်ဆောက်ထားကာ ရေကန်ပတ်လည်တွင် ရောင်စဉ်ပုံစံ ၂၄ မျိုးပါရှိသည့် LED မီးပြေးများ တပ်ဆင်ထားရှိပြီး ညအချိန်တွင် ရောင်စဉ်မီးတန်းများ၏ အလှအပနှင့် အလင်းရောင်သည် ကန်ရေပြင်ကို ထင်ဟပ်လှပစေရန် ဆောင်ရွက်ထားသည့်အပြင် လာရောက်အပန်းဖြေသူများအတွက် အပျော်စီးဘဲငန်းလှေများကို စီစဉ်ပေးထားသည်။

အဆိုပါ ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်း တောင်ထိပ်တွင် အမြင့်ပေ ၄၀ ရှိ လေးထပ် နေပြည်တော်ရေပန်းဥယျာဉ်မျှော်စင်တစ်ခု တည်ဆောက်ထားပြီး ရေပန်းဥယျာဉ်တစ်ခုလုံးကို လွှမ်းခြုံကြည့်ရှုနိုင်သည့်အပြင် နေပြည်တော်၏ အထင်ကရ ဥပ္ပါတသန္တိစေတီတော်၊ မြို့တော်ခန်းမ၊ လဟာပြင်ကဇာတ်ရုံ၊ သပြေကုန်းဈေး၊ အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံ၊ ကျောက်မျက်ပြတိုက်၊ ရွှင်ရယ်မြန်မာဂေါက်ကွင်း၊ လွှတ်တော်၊ အိမ်တော်များ၊ ဝန်ထမ်းအိမ်ရာများကို အပန်းဖြေကြည့်ရှုခံစားနိုင်စေရန် ဆောင်ရွက်ပေးထားခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းရှိ ရေကန်နှင့် ပတ်ဝန်းကျင်ရှုခင်းအလှကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့) တွင် လာရောက်အပန်းဖြေသူများအတွက် အပျော်စီး ဘဲငန်းလှေများ စီစဉ်ပေးထားစဉ်။ (သတင်းစဉ်)

ရေပန်းဥယျာဉ်မျှော်စင်

နေပြည်တော် ရေပန်းဥယျာဉ် မျှော်စင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

○ **ကျောဖုံးမှ**

ဆက်လက်၍ မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် မော်လမြိုင်ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်ထွန်းတို့က ကော်မရှင်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် တက်ရောက် လာကြသူများက ကော်မရှင်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသော ၂၀၁၀ ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အမှုဆောင်များ၊ ဧည့်သည်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ပြိုင်ပွဲ၏ အမျိုးသမီးပွဲစဉ်တွင် စစ်ကိုင်းတိုင်းအသင်းက ရန်ကုန်တိုင်းအသင်းကို ၇၁ မှတ်-၆၃ မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ အမျိုးသားပွဲစဉ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို ၁၀၄ မှတ်-၅၆ မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရရှိကြသော မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းအသင်း၊ ပထမဆုရရှိသော စစ်ကိုင်းတိုင်းအသင်း၊ အမျိုးသားပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရရှိကြသော မန္တလေးတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း၊ ပထမဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းတို့အား တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကောင်းဆုံးအားကစားသမားဆုရ မရီရီအောင်(ရန်ကုန်တိုင်း)နှင့် အားပင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့အား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက လည်းကောင်း၊ အသန့်ရှင်းဆုံးအားကစားအသင်းဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီးအသင်းနှင့် ကယားပြည်နယ် အမျိုးသားအသင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က ပထမဆုရ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀ ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

(ဘတ်စကက်ဘောအဖွဲ့ချုပ်)

ပုဂံစာအုပ်တိုက်က ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်ဝဏ္ဏနှင့် နန္ဒဝင်း(ဆေး-၁)တို့၏စာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၇

ပုဂံစာအုပ်တိုက်က ဆင်ဖြူကျွန်းအောင်သိန်း၏ ငထွန်းကားတို့ညီအစ်ကိုနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ၊ မောင်ဝဏ္ဏ၏ မောင်စိန်သောင်း မနှင်းရည်ဝတ္ထုတိုများ၊ နန္ဒဝင်း(ဆေး-၁)၏ သူရဲကောင်းနှင့် သရဲခေါင်းနှင့် အခြားစာစုများ စာအုပ်တို့ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ငထွန်းကားသည် ကိုဆေးရိုးနှင့် ညီအစ်ကိုဖြစ်သည်။ သူသည် ကိုဆေးရိုးနှင့်မတူ။ ငထွန်းကားဆိုသော အမည်နာမကအစ အညာသားကြီး ပီပြင်နေသည်။ ကိုဆေးရိုးကိုစွဲလမ်းခဲ့သော ပရိသတ်များအနေဖြင့် ငထွန်းကားတို့ ညီအစ်ကိုကို ဖတ်ပြီးပါက အညာအတွေ့၊ အညာလေ့၊ အညာငွေ့တို့ကို တစ်ထွေးကြီး စွဲလမ်းသွားကြမည်ဟု ယုံကြည်သည်။

၁၉၈၀မှ ၁၉၈၆ ခုနှစ်များအတွင်း ထုတ်ဝေခဲ့သော မဂ္ဂဇင်းစာအုပ်များ၌ ရေးသားခဲ့သော မောင်စိန်သောင်း မနှင်းရည်ဝတ္ထုတိုများအနက်မှ အချို့ကို ရွေးနုတ်ထားသည့် စာအုပ်ကောင်း တစ်အုပ်နှင့် နန္ဒဝင်း(ဆေး-၁)၏ လူမှု

ရေး၊ စီးပွားရေး၊ ဘာသာရေး၊ အတွေးအမြင်ဆိုင်ရာ ဝတ္ထုဆောင်းပါးများ စုစည်းထားသည့် စာအုပ်တို့ကိုလည်း ပုဂံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်သည်။

အဆိုပါ စာအုပ်များကို ပုဂံစာအုပ်တိုက် ၄(A)၅၊ ရန်ကင်းစင်တာ ဆရာစံလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၁၀၀၃၈နှင့် ၅၄၄၃၂၂ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်(၁)အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်နိုင်

နေပြည်တော် ဇူလိုင် ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်ကွင်း အုပ်စု(စ)

ပြန်ကြားရေးဝန်ကြီးဌာန ငါးဂိုး

ချစ်မင်းစိုး-လေးဂိုး၊ ဝေလင်းဟန်-တစ်ဂိုး

အမှတ်(၁)လျှပ်စစ်ဝန်ကြီးဌာန တစ်ဂိုး

စန်းဝင်း

(ဒိုင်) ဦးသိန်းစော

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဆ)

ဘဏ္ဍာ/အခွန် ဝန်ကြီးဌာန ငါးဂိုး

အာကာထက်မောင်-နှစ်ဂိုး၊ အောင်မြတ်သူ၊ ရဲဇာနည်ထွန်း၊ တေဇာကိုကိုတို့ တစ်ဂိုးစီ

သာသနာရေးဝန်ကြီးဌာန (ဂိုးမရှိ)

(ဒိုင်) ဦးသောင်းလှိုင်

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ဆ)

အလုပ်သမားဝန်ကြီးဌာန ငါးဂိုး

နေစိုးအောင်-သုံးဂိုး၊ ဇော်ဝင်းနိုင်နှင့် အောင်စန်းဝင်း တစ်ဂိုးစီ

တရားရုံးချုပ် နှစ်ဂိုး

ရဲရာဇာနှင့် ငြိမ်းလတ်

(ဒိုင်) ဦးသောင်းရွှေမိုး

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၁၈-၇-၂၀၁၀ နှင့် ၁၉-၇-၂၀၁၀ ရက်နေ့များတွင် ပွဲနားပြီး ၂၀-၇-၂၀၁၀ ရက်နေ့တွင် နေပြည်တော်ကွင်း အုပ်စု(ဇ) ကာကွယ်ရေးနှင့် လဝက ပေါင်းလောင်းကွင်း အုပ်စု(ဇ) ကျန်းမာရေးနှင့် နိုင်ငံခြားရေး လယ်ဝေးကွင်း အုပ်စု(က) စက်မှု(၁) နှင့် သမဝါယမ (၁၀၇)

ယှဉ်ပြိုင်ကစား

စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်၏ (စ) အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းတို့ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြစဉ်။

(သတင်းစဉ်)

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးပိုလာမည်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဘီးလင်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ကလေးဝမြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ကလေးမြို့တွင် ၁ ဒသမ ၄၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသည့် အပူပိုင်းမုန်တိုင်း(ကွန်ဆွန်)သည် တောင်တရုတ်ပင်လယ်ပြင် တုံကင်ပင်လယ်ကွေ့သို့ရောက်ရှိပြီး ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၁၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

ဇူလိုင် ၁၈ ရက် ညနေထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၃ဒသမ ၅ဒီဂရီစင်တီဂရိတ်)၉၂ဒီဂရီဖာရင်ဟိုက်		၁၆-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၆ဒသမ သုညဒီဂရီစင်တီဂရိတ်)၇၉ဒီဂရီဖာရင်ဟိုက်		၁၇-၇-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ရာခိုင်နှုန်း		၁၇-၇-၂၀၁၀
နေပူသည့်နာရီပေါင်း	၄ ဒသမ ၇ နာရီခန့်	၁၆-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၇-၇-၂၀၁၀	Tr.	မရှိပါ	မရှိပါ
၁-၁-၂၀၁၀မှ ယနေ့အထိ	၈၇၇မမ (၃၄ဒသမ၅၃လက်မ)	၁၀၃၇မမ (၄၀ဒသမ၈၃လက်မ)	၁၂၃၃မမ (၄၈ဒသမ၅၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၆-၇-၂၀၁၀ ရက် ၄း၃၀ နာရီတွင် တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

ငါးရစ်ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ နွေစပါးရိတ်သိမ်းမှုနှင့် မိုးစပါးစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေသို့ရောက်ရှိပြီး ရွှေသွယ်ရင် နွေစပါးရိတ်သိမ်းမှု အခြေအနေ၊ စပါးများခြွေလှေ့မှုနှင့် ခြွေလှေ့ပြီးစပါးများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရေကြည်ကျေးရွာမှ ကျောက်မီးကျေးရွာအထိ ဆည်တော်ကြီးဆည်၊ မြောင်းမတော် မြောင်းမကြီး တစ်လျှောက် ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကြျုဝန်းကျေးရွာအနီးရှိ ဝက်မွေးမြူရေးခြံ(ထုံးဘို)သို့ရောက်ရှိကာ ရှင်းလင်းဆောင်၍ တာဝန်ရှိသူတို့၏ အဆောက်အအုံ ဆောက်လုပ်ထားမှု၊ ဝက်မွေးမြူထားရှိမှုနှင့် ထုတ်လုပ်မှုအခြေအနေ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များမှာကြား၍ ခြံအတွင်း ဝက်များမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေသို့ရောက်ရှိပြီး မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ကောက်စိုက်လုံမေများနှင့် တောင်သူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ရမည်းသင်းမြို့နယ်အပိုင်း မိုင်တိုင်အမှတ် (၁၄၆/၇) အနီး၌ ကျောက်ရိုးစီ သစ်သားတံတား ဆောင်ရွက်နေမှုကို ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သင်းသင်းနွယ် အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ရေရှည်တည်တံ့ရေးအတွက် ရေပေါက်ဖောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို အဖွဲ့အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)သူရ ဦးမြင့်သူနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးဘသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၀ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပရန်စီစဉ်

ရန်ကုန် ဇူလိုင် ၁၇

IEMS Company Limited သည် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၀HOUSING & LIVING 2010 ကို ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် Shine Construction Co., Ltd. မှ အိမ်ရာအရောင်းပြခန်းများ၊ Naing Group မှ Champion Construction Materials နှင့် Tiger Supply တို့မှ ဆောက်လုပ်ရေးအိမ်ဆောက်ပစ္စည်းများ၊ SOSUCO Tile မှ COTTO တံဆိပ် ကြွေပြားကျောက်ပြားများ၊ SMART Electronic Dictionary / Good Brother's Co.,Ltd/ Royal Tun (Sky Digital)/ SMART Technical/ Royal Myanmar Technical / KMD နှင့် MRS ၊ Blue Ray တို့မှ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်များ၊ SANFOCO/Myanmar May Kaung/ Coffer Manufacturing/ Home Glory/ Scene Living / Universal Light /Uniteak/ Scansia/ Ocean Glory/ စိန်နှင့်မြ/ Gold Coil နှင့်Gold HomeFamilyတို့မှ ပရိဘောဂများ၊ Star Tek မှ အရောင်တင်ဆေးများ၊ RACE HOUSE (HYDRO SEAL) မှ အမိုးဖာဆေးနှင့် သုတ်ဆေးများ၊ Southern Ocean/ Modern Tech (Deco Land) မှ Aluminium Composite Panel များ၊ Tharaphee/ Maruart နှင့် Home Distribution Group တို့မှ ကြမ်းခင်းနှင့် Materials အမျိုးမျိုး၊ Grand Elephant မှ PVC ပိုက်များ၊ SP Group မှ Air Pure တံဆိပ် Automatic Air Fresher များ၊ Golden Rose Industry မှ Modern Steel Structure များ၊ Future Step (Midea) နှင့် Three Friends Trading မှ Induction cooker များနှင့် ခြင်ဖမ်းစက်များ၊ Life Line Co., Ltd. မှ ဒီဂျစ်တယ်သွေးပေါင်ချိန်စက်များ၊ The One (PE Tank)မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီများ၊ Golden Lion Wire မှ Cable ကြိုးနှင့် Online UPS များ၊ I.E.M မှ မီးစက်များနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ Ever Seiko မှ မီးစက်များနှင့် ရေပူရေအေးစက်များ၊ Myat Kan Moe Enterprise Ltd. မှ Switch/Socket/Breaker/ Contactor & Over load Relay များ၊ Rinnai မှ Gas Stove များ၊ Yangon City Guide မှ လမ်းညွှန်မြေပုံစာအုပ်များ၊ MNZ ငွေရေစက်များ၊ Rinni မှ Gas Stove များ၊ Yangon City Guide မှ လမ်းညွှန်မြေပုံစာအုပ်များ၊ MNZ ငွေရေစက်များ၊ Linpo မှ အုတ်ကြွပ်အမိုးပြားများကို ခင်းကျင်းပြသမည်ဖြစ်ကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်း-၇၃၀၄၃၅၈၈သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်မှု လုပ်ငန်းဆိုင်ရာ စေတနာ့ဝန်ထမ်း သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ စေတနာ့ဝန်ထမ်း သင်တန်းအမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၁၃ရက် နံနက်၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီးအတွင်းရေးမှူးဒေါ်သဇင်နွယ်က အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသောနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နီးနွယ်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်များမှ အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းသို့ နေပြည်တော် လယ်ဝေးမှ သင်တန်းသား သင်တန်းသူ ၃၆ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင်၁၃ရက်မှ၁၄ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေထွက်ပစ္စည်းသယံဇာတထိန်းသိမ်းရေး ချောင်းဆုံမြို့နယ်၌ ဟောပြော

နေပြည်တော် ဇူလိုင် ၁၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာ စာကြည့်အသင်းရုံးတွင် ဇူလိုင် ၅ရက် နံနက်ပိုင်းက ရေထွက်ပစ္စည်း သယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကျင်းပရာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်က ရေထွက်ပစ္စည်းများ သားစဉ်မြေးဆက် ရေရှည်စားသုံးနိုင်ရန်အတွက် သယံဇာတ ထိန်းသိမ်းရေး၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်းဖြင့် ငါးဖမ်းဆီးခြင်း၊ တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊ တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းဆီးခြင်းများကို ရှောင်ရှားရေး ဆွေးနွေးဟောပြောသည်။ဟောပြော ပွဲသို့ ချောင်းဆုံမြို့နယ် ဦးစီးမှူး ဦးသန်း လင်း၊ ကလော့ကျေးရွာအုပ်စု ဥက္ကဋ္ဌ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများ၊ ရေလုပ်သားများ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(ပြည်နယ်ငါးလုပ်ငန်း)

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာတောင်တော်ဦးတိုက် ရွှေမန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာဦးကျော်ဘုန်းလင်း ဖုန်း-၂၀၃၃၀၃၊ ဆရာမဒေါ်တင်စိုး ဖုန်း-၃၈၅၄၅၈၊ ဦးကျော် ဖုန်း-၅၇၇၉၄၉၊ ဦးမြင့်လွင်ခိုင် ဖုန်း-၀၉-၅၀၄၆၈၉၉နှင့် ဦးသိန်းထွန်း ဖုန်း-၀၉-၉၉၇၁၈၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြေစိုက်ရေတွင်း၊ အပေါ့စားမီးသတ်စက်တို့ဖြင့် ကြိုတင် ဆောင်ရွက်ထားရှိမှုတို့ကို ဧရာဝတီတိုင်း စည်ပင်ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့်အဖွဲ့ ဇွန် ၁၈ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးသန်းဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဈေးအတွင်း ရေဆိုးထုတ်မြောင်း တူးဖော်

ထီးချိုင့် ဇူလိုင် ၁၇

ဇူလိုင် ၄ ရက်က ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း၌ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဘိုမင်း ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ရေဆိုးထုတ်မြောင်း တူးဖော်ခြင်း စတင်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဝက်များတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ စူးစမ်းရှာဖွေရေးလုပ်ငန်း ဆွေးနွေး

ကော့သောင်း ဇူလိုင် ၁၇

ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ဇူလိုင် ၄ရက်က ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဝက်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ စူးစမ်းရှာဖွေရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကိစ္စနှင့်ပတ်သက်၍ ကျေးလက်ကျန်းမာရေးအကူလုပ်သား(CAHW) များနှင့် တွေ့ဆုံ၍ ဆွေးနွေးပွဲကျင်းပသည်။

အခမ်းအနားသို့ တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းနိုင်ထွန်း၊ ခရိုင်ဦးစီးအရာရှိ ဒေါက်တာခင်မောင်နှင့် ကျေးလက်ကျန်းမာရေးအကူလုပ်သားများ တက်ရောက်ကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဒေါက်တာခင်မောင်က ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဝက်များတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများနှင့် စူးစမ်းရှာဖွေရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကိစ္စနှင့်ပတ်သက်၍ ကျေးလက်ကျန်းမာရေးအကူလုပ်သား(CAHW)များကို ဆွေးနွေးမှာကြားသည်။

(ခရိုင်ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အမှာစကား ပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ မော်လမြိုင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများနှင့် တွေ့ဆုံပွဲ၌ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် မော်လမြိုင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွေ့ဆုံပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ မော်လမြိုင်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားသည်။ စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❍

နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့) အပန်းဖြေစခန်း ဖွင့်ပွဲကျင်းပ သတင်းကို စာမျက်နှာ (၁၀)တွင် ဖတ်ရှုနိုင်ပါသည် ။